# ဗျာဒိတ်တော်ကျမ်း



## နိဒါန်း

*ဗျာဒိတ်တော်ကျမ်းကို ခရစ်တော်**ယေရှု**အား ယုံကြည်ကိုးကွယ်မှုကြောင့် ညှဉ်းပန်းနှိပ်စက်ခံရချိန်၌ ရေးသားထားခဲ့ခြင်းဖြစ်သည်။ ကျမ်းပြုသူ၏ အဓိကရည်ရွယ်ချက်မှာ ဤကျမ်းကိုဖတ်ရှုသူတို့သည် မျှော်လင့်ချက်ရှိပြီး စိတ်အားတက်စေရန်နှင့်ဆင်းရဲဒုက္ခရောက်ချိန်၊ ညှဉ်းပန်းနှိပ်စက်ခံရချိန်တို့၌ သူတို့၏ယုံကြည်ခြင်း ခိုင်မာစေရန် ဖြစ်ပေသည်။*

*ဤကျမ်းတွင် ထိုခေတ်၊ ထိုအခါက ခရစ်ယာန်များမှလွဲ၍ အခြားသူအပေါင်းတို့နားလည်နိုင်ရန် ခက်ခဲသည့်အမှတ်လက္ခဏာများဖြင့် ဖော်ပြထားသော ဗျာဒိတ်ရူပါရုံအများအပြားပါရှိ၏။ ဤကျမ်း၏အဓိကအကြောင်းအရာကို ဗျာဒိတ်ရူပါရုံအမျိုးမျိုးဖြင့် အထပ်ထပ် အကြိမ်ကြိမ်တင်ပြထားလေသည်။ မျက်မှောက်ခေတ်တွင် ဤကျမ်းကို အသေးစိတ် အနက်အဓိပ္ပါယ်ဖွင့်ဆိုရာတွင် ဤကျမ်း၏ အဓိကအကြောင်းအရာသည်ကား ရှင်းလင်းပြတ်သားပါပေသည်။ ယင်းအဓိကအကြောင်းအရာမှာ ထာဝရဘုရားသည် ခရစ်တော်**ယေရှု**အားဖြင့် နောက်ဆုံးသောကာလ၌ စာတန်နတ်ဆိုးအပါအဝင် ရန်သူအပေါင်းတို့အား အပြီးအပြတ် နှိမ်နင်းအောင်မြင်ပြီးသောအခါ ကိုယ်တော်ကို သစ္စာစောင့်သောလူမျိုးတော်အား ကောင်းကင်သစ်၊ ကမ္ဘာသစ်တည်းဟူသော သုခချမ်းသာကို ခံစားစေတော်မူမည်ဖြစ်ကြောင်းတည်း။*

### အကြောင်းအရာအကျဉ်းချုပ်


| | |
|---|---|
| – နိဒါန်း | ၁း၁–၈ |
| – ပဏာမဗျာဒိတ်ရူပါရုံအသင်းတော် ၇ ပါးသို့ပေးပို့သည့်စာများ | ၁း၉–၃း၂၂ |
| – ချိပ်တံဆိပ်ခုနစ်ခုပါသည့်ပေဖူးလိပ် | ၄း၁–၈း၁ |
| – တံပိုးခရာခုနစ်ခု | ၈း၂–၁၁း၁၉ |
| – မြွေနဂါးနှင့်သားရဲနှစ်ကောင် | ၁၂း၁–၁၃း၁၈ |
| – ဗျာဒိတ်ရူပါရုံအမျိုးမျိုး | ၁၄း၁–၁၅း၈ |
| – ထာဝရဘုရား၏အမျက်တော်နှင့်ပြည့်သည့်ဖလားခုနစ်လုံး | ၁၆း၁–၂၁ |
| –ဘာဘီလုံမြို့ပျက်စီးခြင်းသားရဲ၊ ပရောဖက်အတုအယောင်နှင့်စာတန်နတ်ဆိုးတို့အရေးနိမ့်ကြခြင်း | ၁၇း၁–၂၀း၁၀ |
| – နောက်ဆုံးတရားစီရင်တော်မူခြင်း | ၂၀း၁၁–၁၅ |
| – ကောင်းကင်သစ်၊ ကမ္ဘာသစ်၊ ဂျေရုဆလင်မြို့သစ် | ၂၁း၁–၂၂း၅ |
| –နိဂုံး | ၂၂း၆–၂၁ |


## အခန်းကြီး (၁)

### နိဒါန်း

၁။ မကြာမီဖြစ်လတ္တံ့သောအရာများကို မိမိအစေခံတို့
အားသင်ကြားပြသပေးရန် ဘုရားသခင်က သူ့အား
ပေးအပ်တော်မူသော **ယေရှု**ခရစ်တော်၏ ဗျာဒိတ်
စကားပေတည်း။ ကိုယ်တော်သည် ထိုဗျာဒိတ်စကား
ကို**ယောဟန်**ထံသို့ မိမိ၏တမန်တော်ကို စေလွှတ်၍
၂။ သိကြားစေခဲ့၏။ **ယောဟန်**သည်ကား ဘုရားသခင်
၏နှုတ်ကပတ်တော်ကို လည်းကောင်း၊ ခရစ်တော်
**ယေရှု**၏အကြောင်းကိုလည်းကောင်း၊ သူမြင်ခဲ့ရ
၃။ သမျှကိုပင်လည်းကောင်း သက်သေခံခဲ့၏။ ဤ
စကားများကို အများကြားအောင် ဖတ်သောသူသည်
မင်္ဂလာရှိ၏။ ထို့အပြင် ကြားနာရ၍ ကျင့်သောသူ
သည်မင်္ဂလာရှိ၏။ အကြောင်းမူကား အချိန်သည်
နီးကပ်လာပြီ။
၄။ ငါ**ယောဟန်**သည် **အာရှ**မှာရှိသော အသင်းတော်
ခုနစ်ပါးသို့ စာရေးပို့လိုက်သည်။ ကျေးဇူးတော်နှင့်
ငြိမ်သက် ခြင်းသည် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်
ကာလတို့၌ အစဉ်တည်တော်မူသော ဘုရားသခင်
ထံမှလည်းကောင်း၊ ပလ္လင်တော်ရှေ့၌ ခံစားလျက်ရှိ
၅။ သော တမန်တော်ခုနစ်ပါးမှလည်းကောင်း၊ ဘုရင်တို့
၏ဘုရင်၊ သေသူတို့တွင် သားဦးဖြစ်၍ သစ္စာရှိသော
သက်သေတော် **ယေရှု**ခရစ်ထံတော်မှလည်းကောင်း၊
သင်တို့အပေါ်သို့ သက်ရောက်ပါစေ။ ငါတို့ကို ချစ်
တော်မူ၍ မိမိအသွေးတော် နှင့်ဆေးကြောတော်မူပြီး
ဘုရားအားငါတို့အတွက် နိုင်ငံတော် တည်ထောင်ပေး
၆။ လျှက်။ ငါတို့ကို ရဟန်းမျိုးနွယ်ဖြစ်စေသော ကိုယ်
တော်အား ဘုန်းဂုဏ်တော်နှင့် တန်ခိုးအာဏာတော်
အစဉ်ရှိတော်မူစေသတည်း။ အာမင်။
၇။ ကြည့်လော့၊ ကိုယ်တော်သည်မိုးတိမ်များအလယ်တွင်
ကြွလာတော်မူလိမ့်မည်။ လူတိုင်းဖူးမြင်ကြရလိမ့်မည်
ဖြစ်၍ကိုယ်တော်ကို လှံဖြင့်ထိုးဖောက်သောသူများပင်
လျှင်မြင်ကြရလိမ့်မည်။ ကမ္ဘာပေါ်ရှိ လူမျိုးအပေါင်း
တို့သည် ကိုယ်တော်အတွက်ကြောင့် ငိုကြွေးရလိမ့်
မည်။ ထိုကဲ့သို့ပင်ဖြစ်လိမ့်မည်။ အာမင်။
၈။ ငါသည် **အာလ်ဖါ**နှင့် **အိုမီဂါ**ဖြစ်၏ဟု ပစ္စုပ္ပန်၊
အတိတ်၊ အနာဂတ်ကာလတို့တွင် တည်တော်မူသော
အနန္တတန်ခိုးတော်ရှင် ဘုရားသခင် မိန့်တော်မူ၏။

## ခရစ်တော်၏ရူပါရုံ

၉။ သင်တို့၏အစ်ကို၊ ငါ**ယောဟန်**သည် **ယေရှု**သခင်၌
သင်တို့နှင့်အတူ ဒုက္ခများကို ခံထမ်း၍ နိုင်ငံတော်ကို
လည်းကောင်း ခံနိုင်ရည်ရှိခြင်းလည်းကောင်း၊ မျှဝေ
ခံစားပါ၏။ **ယေရှု**သခင်ကိုသက်သေခံ၍ ဘုရား၏
နှုတ်ကပတ်တော်ကိုဟောပြောသောကြောင့် **ပတ်မော့**
၁၀။ ကျွန်းတွင်နေခဲ့၏။ ငါသည် သခင်ဘုရား၏နေ့တော်
၌ဝိညာဉ်တော်မြတ်နှင့် ပြည့်ဝလျှက်ရှိစဉ် ငါ့နောက်မှ
တံပိုးခရာမှုတ်သံကဲ့သို့ ကျယ်သောအသံကို ကြား
၁၁။ လိုက်ရ၏။ ထိုအသံကဆိုသည်မှာ သင်မြင်သမျှကို
စာအုပ်တွင်ရေး၍ အသင်းတော်ခုနစ်ခု ဖြစ်သော
**ဧဖက်စု**၊ **စမီနာ**၊ **ပါဂမန်**၊ **တိုင်တီးရာ**၊ **ဆာဒစ်**၊
**ဖီလာဒဲဖီးယာ**နှင့် **လာအိုဒီစီယ**ထံသို့ပေးပို့လောဟု
လာ၏။
၁၂။ ငါ့ကိုပြောနေသော အသံလာရာသို့ ငါလှည့်ကြည့်
၁၃။ သောအခါ၊ ရွှေမီးခွက်တင်ခုံခုနစ်ခုကို မြင်ရ၏။
မီးခွက်တင်ခုံများအလယ်တွင် အဝတ်ရှည်ကိုဝတ်ဆင်
ထားပြီးရင်ဘတ်တွင် ရွှေစလွယ်သိုင်းထားသော လူ
သားနှင့်တူသူတစ်ယောက်ကို မြင်ရ၏။
၁၄။ သူ၏ဦးခေါင်းနှင့် ဆံပင်တို့သည်ဖြူသော သိုးမွှေး
ကဲ့သို့လည်းကောင်း၊ နှင်းပွင့်ကဲ့သို့ လည်းကောင်း
ဆွတ်ဆွတ်ဖြူ၏ မျက်စိများသည် မီးတောက်ကဲ့သို့
ဖြစ်၏။
၁၅။ သူ၏ခြေများသည် မီးတွင် သန့်စင်ထားသောကြေး
၁၆။ များကဲ့သို့ တောက်ပ၏။ သူ၏အသံသည် ရေများ
စီးဆင်းနေသောအသံကဲ့သို့ ဖြစ်၏။ သူ၏ လကျာ်
လက်၌ သူသည် ကြယ်ခုနစ်လုံးကို ဆုပ်ကိုင်ထား၏၊
သူ၏ခံတွင်းမှ ထက်သောသန်လျက် ထွက်လာ၏။
သူ၏မျက်နှာသည် အစွမ်းကုန် တောက်ပနေသော
၁၇။ နေမင်းကဲ့သို့ဖြစ်၏။ ထိုသခင်ပုဂ္ဂိုလ်ကို ငါတွေ့မြင်
ရသောအခါ ငါသည်လူသေကောင်ကဲ့သို့ သူ့ခြေရင်း
၌လဲကျသွား၏။ သို့သော် သူသည် ငါ့အပေါ်မှာ
သူ၏လကျာ်လက်ကို တင်ထားလျက် ဆိုသည်မှာ
မကြောက်နှင့်၊ ငါသည် အစနှင့်အဆုံးဖြစ်၏။
၁၈။ ငါသည် အသက်ရှင်သူဖြစ်သည်၊ ငါသည် သေခဲ့၏။
ယခုငါသည် အစဉ်ထာဝရ အသက်ရှင်လျက်ရှိ၏။
ငါ့၌ သေခြင်းနှင့် မရဏာနိုင်ငံ၏သော့များ ရှိသည်။
၁၉။ သင်မြင်ရသောအရာများ ပစ္စုပ္ပန်တွင် ဖြစ်ပျက်နေ
သောအရာများနှင့် နောင်အနာဂါတ်တွင် ဖြစ်ပျက်
လတ္တံ့သောအကြောင်းအရာများကို ယခုရေးမှတ်ပါ ။
၂၀။ လော။ ငါ၏လကျာ်ဘက်တွင် သင်တွေ့မြင်ရသော
ကြယ်ခုနစ်လုံးနှင့် ရွှေမီးခွက်ခုနစ်ခု၏ အနက်
အဓိပ္ပါယ်ကား ကြယ်ခုနစ်လုံးသည် သာသနာအုပ်စု
ခုနစ်အုပ်စု၏ တမန်တော်ခုနစ်ပါးတို့ဖြစ်ပြီး မီးတိုင်
ခုနစ်ခုကား သာသနာအုပ်စု ခုနစ်စုဖြစ်သည်။

## အခန်းကြီး(၂)

## ဧဖက်ဆုအသင်းတော်အတွက် မိန့်မှာစကား

၁။ **ဧဖက်ဆု**မြို့တွင်ရှိသော အသင်းတော်၏ တမန်တော်
ထံသို့ရေးလော့။ ကြယ်ခုနစ်လုံးကို လကျာ်ဘက်တွင်
ကိုင်ပြီး၊ ရွှေမီးတင်ခုံ ခုနစ်ခုအလယ်၌ လျှောက်လှမ်း
၂။ သွားသောသူ၏အမိန့်စကားက ဤသို့တည်း။ သင်
၏လုပ်ဆောင်ချက်များ၊ ကြိုးပမ်းအားထုတ်မှုများနှင့်
စိတ်ရှည်သည်းခံခြင်းတို့ကို ငါသိ၏။ ဒုစရိုက်သား
များကို သင်လက်မခံသည့်အကြောင်း၊ တမန်တော်
ယောင်ဆောင်သောသူတို့ကို စစ်ဆေးပြီး သူတို့၏
မဟုတ်မမှန် ဟန်ဆောင်ခြင်းကို သင် ဖော်ထုတ်နိုင်
၃။ ကြောင်းကိုလည်း ငါသိ၏။ သင်သည် စိတ်ရှည်စွာ
ခံထမ်း၍ ငါ၏နာမတော်အတွက်ကြောင့် ဒုက္ခခံနိုင်
စွမ်းရှိပြီး စိတ်အားမလျှော့ကြောင်း ငါသိ၏။
၄။ သို့သော် သင့်အပေါ်မှာ အပြစ်တင်စရာငါရှိ၏။
ပထမဦးစွာ သင်ထားရှိခဲ့သောချစ်မေတ္တာကို သင်
၅။ စွန့်လွှတ်ခဲ့လေပြီ။ မည်သည့်အခြေအနေမှ သင်
ကျဆင်းခဲ့သည်ကို ဆင်ခြင်လော၊ နောင်တယူ၍
အစဦးက ဆောင်ရွက်ခဲ့သော လုပ်ငန်းများကို ပြန်
လည်လုပ်ဆောင်ပါလော။ ထိုသို့မဟုတ် သင်
နောင်တမရပါက သင့်ထံငါလာပြီးသင်၏မီးတိုင်ကို
၆။ နေရာမှဖယ်ရှားမည်။ သို့သော်လည်း သင်သည်
**နီကောလ**၏တပည့်တို့လုပ်ဆောင်သောရက်များ၊ ငါ
မုန်းတီးသကဲ့သို့ သင်မုန်းသောကြောင့် သင်၌ချီးမွမ်း
စရာတစ်ခုရှိ၏။

## စမီးနားအသင်းတော်အတွက်မိန့်မှာစကား

၇။ အသင်းတော်အသီးသီးအား ဝိညာဉ်တော်မြတ် မိန့်
တော်မူရာကို နားရှိသောသူသည်ကြားပါစေ။ အောင်
မြင်သောသူအား ဘုရား၏**ပါရာဒီရှုး**ဥယျာဉ်၌ရှိသော
အသက်ပင်၏အသီးကို ငါစားခွင့်ပြုမည်။
၈။ သေခြင်းမှပြန်ရှင်သောသူ၊ အစနှင့်အဆုံးဖြစ်သောသူ
၏မိန့်မှာချက်စကားများကို **စမီနာ**မြို့မှတမန်တော်ထံ

၉။ ရေး၍ပေးလိုက်လော့။ သင်၏ဒုက္ခများနှင့်ဆင်းရဲခြင်း
ကိုငါသိ၏။ သို့သော် သင်သည် ကြွယ်ဝပါ၏။ **ဂျူး**
လူမျိုးအမည်ခံ၍ **ဂျူး**မဟုတ်သော၊ စာတန်၏တရား
၁၀။ ဇရပ်များမှ ကဲ့ရဲ့သောအသံကို ငါသိ၏။ သင်ခံထမ်း
ရမည့်ဒုက္ခကိုမကြောက်၊ သင်တို့ကို စုံစမ်းခြင်းငှါ
နတ်ဆိုးသည် သင်တို့အထဲမှ အချို့ကို ထောင်ထဲ၌
ချထားလိမ့်မည်။ ဆယ်ရက်တိုင်တိုင် သင်တို့ဒုက္ခခံရ
လိမ့်မည်။ အသက်ပေးရသည့်တိုင်အောင် သစ္စာရှိပါ
လော၊ အသက်သရဖူကို သင်တို့အား ငါပေးမည်။
၁၁။ အသင်းတော် အသီးသီးအား ဝိညာဉ်တော်မြွက်သည်
မိန့်တော်မူရာကို နားရှိသောသူသည် ကြားပါစေ၊
အောင်မြင်သောသူသည် ဒုတိယသေခြင်းမှ ကင်း
လွတ်လိမ့်မည်။

## ပါဂမန်အသင်းတော်အတွက်မိန့်မှာစကား

၁၂။ နှစ်ဖက်သွားသံလျက်ကို ကိုင်ထားသော သူ၏အမိန့်
စကားကို**ပါဂမန်**မြို့၌ရှိသော တမန်တော်ထံရေးသား
မှာကြားလိုက်လော့။ သင်မည်သည့်နေရာတွင်နေထိုင်
၁၃။ သည်ကိုငါသိ၏။ ဆာတန်နတ်ဆိုးကျက်စားသော
နေရာတွင် သင်တို့အထဲမှ ငါ့အပေါ်သစ္စာရှိသော
ငါ၏သက်သေခံ **အန္တိပ** အသတ်ခံရသောအချိန်၌ပင်
သင်သည် ငါ၏နာမတော်ကို လက်ကိုင်ပြု၍ ငါ၌
ယုံကြည်ခြင်းကို သင်မစွန့်ပယ်ခဲ့ချေ။
၁၄။ သို့သော် သင့်အရပ်ဒေသတွင် **ဘာလစ်** မင်းက
**ဘာလမ်** မင်းကို **အစ္စရေးလ်** လူမျိုးတို့ရှေ့၌ ခလုပ်
ကန်သင်းများ ချထားပေးရန် သင်ကြားပေးခဲ့သည့်
အတိုင်း ဆောင်ရွက်နေသူများရှိ၏။ ထိုသူတို့သည်
ရုပ်တုများအား ပူဇော်ထားသော အစာကိုစားရန်နှင့်
မတရားသောမေထုံမှီဝဲခြင်းကို ကျင့်ရန် **အစ္စရေးလ်**
လူမျိုးတို့အား သင်ကြားပေးကြ၏။
၁၅။ ထိုနည်းတူစွာပင် **နီကောလ**၏အယူကို စွဲလန်းသော
လူအချို့သည်လည်း သင်တို့အလယ်မှာ ရှိကြ၏။
၁၆။ ထို့ကြောင့် နောင်တရကြလော့၊ သို့မဟုတ်လျှင် ငါ
အလျင်အမြန်လာပြီ ငါ့နှုတ်တော်ထွက်သံလျက်နှင့်
၁၇။ စစ်ဆင်မည်။ ကြားခြင်းငှါ နားရှိသောသူသည်
ဝိညာဉ်တော်က အသင်းတော်များအား သွန်သင်ရာ
အချက်များကို ကြားပါစေ။ အောင်မြင်သောသူအား
ဝှက်ထားသောမန္နာမုန့်ကိုကျွေး၍ ကျောက်ဖြူတစ်လုံး
ကိုငါပေးမည်၊ ထိုကျောက်ဖြူပေါ်တွင်လက်ခံရရှိသူမှ
တစ်ပါးမည်သူမျှ နားမလည်နိုင်သောအက္ခရာ တင်
ထားသည့်နာမည်သစ် ပါရှိမည်။

## တိုင်တီးရာအသင်းတော်အတွက်မိန့်မှာစကား

၁၈။ **တိုင်တီးရာ**မြို့ရှိ အသင်းတော်၏တမန်တော်ထံ ဤ
သို့ရေးသားမှာကြားလိုက်လော့၊ မီးလျှံကဲ့သို့ စူးရှ
သောမျက်လုံးများနှင့်ကြေးဝါကဲ့သို့ တောက်ပြောင်
သည့်ခြေများရှိသော ဘုရားသားတော်၏ အမိန့်တော်
၁၉။ ကား၊ ဤသို့တည်း။ ငါသည်သင်၏ လုပ်ဆောင်ချက်
များ၊ သင်၏ချစ်ခြင်းမေတ္တာယုံကြည်ခြင်း၊ အမှုတော်
ထမ်းခြင်းနှင့် စိတ်ရှည်သည်းခံခြင်းများကို လည်း
ကောင်း၊ ယခု သင်၏လုပ်ဆောင်နေခြင်းသည် လုပ်
ဆောင်ချက်များထက် သာလွန်ကြောင်းကို လည်း
၂၀။ ကောင်းငါသိ၏။ သို့သော် သင့်အပေါ် အပြစ်တင်
စရာငါ့မှာရှိ၏။ သင့်တပည့်တို့ကို မတရားမေထုံမှီဝဲ
ရန်နှင့်ရုပ်တုရှေ့မှာ ပူဇော်သော အစာများကိုစားရန်
မိမိကိုယ်ကိုပရောဖက်ဟုခေါ်လျက် သင်ပေးနေသော
၂၁။ **ဂျေဇဘယ်**ကိုသင်လက် ခံထားလေပြီ။ နောင်တရရန်
သူမအားငါအချိန်ပေးခဲ့၏။ သို့သော် သူမသည် မိမိ
၏အကျင့်မကောင်းမှုများအတွက် နောင်တရရန်
၂၂။ ငြင်းဆန်ခဲ့၏။ ငါသည် သူမကို နာမကျန်းဖြစ်စေပြီး
အိပ်ရာပေါ်တွင်လဲစေမည်။ သူမနှင့် ဖောက်ပြန်သော
သူအားလုံးသည် နောင်တမရကြလျှင် ကြီးစွာသော
၂၃။ နက္ခနှင့်တွေ့ကြုံစေရမည်။ သူမ၏သားသမီးများကို
သေကြေပျက်စီးစေမည့်နှလုံးသားနှင့် စိတ်သဘော
ထားကို ဆန်းစစ်သောသူဖြစ်ကြောင်းကို လည်း
ကောင်း၊ သင်တို့၏အလုပ်အတွက် ထိုက်တန်သော
ဆုကိုပေးသောသူဖြစ်ကြောင်းကို လည်းကောင်း အ
၂၄။ သင်းတော်အားလုံးသိစေမည်။ သို့သော် သွန်သင်
ချက်ကိုလည်း မလိုက်နာဘဲ၊ ဆာတန်၏ လျှို့ဝှက်
သောအရာများကိုလည်း မခွဲခြားတတ်သော **တိုင်တီး
ရာ**မှကျန်ရှိသူအပေါင်းတို့ သင်တို့အပေါ်မှာ အခြား
၂၅။ အခြားဝန်ထုပ်ကိုငါမတင်။ သင်တို့လက်ဝယ်ရှိသည့်
အရာများကို ငါကြွလာသည့်တိုင်အောင် ထိန်းသိမ်း
၂၆။ ထားကြလော့။ အောင်မြင်ခြင်းရ၍ အဆုံးတိုင်အောင်
ငါ့စကားကို လိုက်နာသောသူအား တိုင်းနိုင်ငံများကို
၂၇။ အုပ်စိုးပိုင်ခွင့်ကိုပေးမည်။ ငါ့ခမည်းတော်ထံမှ ငါရရှိ
ခဲ့သောအာဏာစက်ကို သူ့အားပေးမည်။ သူသည်
သံတုတ်နှင့်မြေအိုးတို့ကို ခွဲသကဲ့သို့ သူတို့ကို ရိုက်ခွဲ
လိမ့်မည်။

၂၈။ မိုးသောက်ကြယ်ကိုလည်း သူ့အား ငါပေးမည်။
၂၉။ ဝိညာဉ်တော်မြတ် အသင်းတော်များအား မိန့်မှာ
စကားများကို နားရှိသောသူသည် ကြားပါစေ။

## အခန်းကြီး (၃)

### ဆာဒစ်အသင်းတော်အတွက်မိန့်မှာစကား

၁။ **ဆာဒစ်**မြို့၌ရှိသော တမန်တော်ထံရေး၍ ပေးလိုက်
လောဘုရားသခင်၏ ဝိညာဉ်တော်(၇)ပါးနှင့် ကြယ်
တာရာ(၇)လုံးကို ကိုင်ထားသူ၏ အမိန့်တော်ကား
ဤသို့တည်း သင်၏လုပ်ဆောင်ချက်များကို ငါသိ
၏။ သင်အသက်ရှင်သည်ဟု အမည်တွင်သော်လည်း
၂။ သေလျက်ရှိ၏။ နိုးကြားလျက်ရှိပါလော၊ သေလု
နည်းပါးမျှသာ ကျန်ရှိသော အားဖြည့်တင်းပါလော့၊
အကြောင်းမူကား သင်၏ လုပ်ဆောင်ချက်များသည်
၃။ ဘုရားရှေ့တော်၌ စုံလင်သည်ဟု ငါမတွေ့ရှိရပေ၊
သင်လက်ခံရရှိသမျှ ကြားနာခဲ့ရသမျှကို သတိရပါ
လော၊ ထိုအရာတို့ကိုလိုက်နာ၍ နောင်တယူပါလော့၊
သင်သည်နိုးကြားစွာမနေပါလျှင် ငါသည်သူခိုးကဲ့သို့
လာမည်ဖြစ်ပြီး။ သင့်ဆီသို့ ငါလာမည့်အချိန်ကို
၄။ သင်သိလိမ့်မည်မဟုတ်။ သို့သော်လည်း **ဆာဒစ်**မြို့မှ
မိမိတို့၏ဝတ်ရုံကို မစွန်းမကွက်စေသော လူအချို့
သင်၌ရှိသေးသည်။ သူတို့သည် ထိုက်တန်သူများ
ဖြစ်သောကြောင့် ဖြူစင်သောဝတ်ရုံဖြင့် ငါနှင့်အတူ
၅။ သွားလာရကြလိမ့်မည်။ အောင်မြင်မှုရသောသူသည်
ဝတ်ရုံဖြူကို ဝတ်ဆင်ကြရလိမ့်မည်။ သူ၏နာမည်ကို
အသက်ရှင်သောသူတို့၏ စာရင်းစာအုပ်မှ ငါပယ်
ဖျက်မည်မဟုတ်၊ ငါသည် ငါ၏ခမည်းတော်ရှေ့မှာ
လည်းကောင်း၊ ကိုယ်တော်၏ တမန်တော်တို့ရှေ့မှာ
လည်းကောင်း၊ ဖော်ထုတ်အသိအမှတ်ပြုမည်။
၆။ ဝိညာဉ်တော်မြတ် အသင်းတော်များအား မိန့်မှာ
တော်မူရာကို နားရှိသောသူသည် ကြားပါစေ။

### ဖီလာဒဲဖီးယားအသင်းတော်အတွက်မိန့်မှာစကား

၇။ **ဖီလာဒဲဖီးယား**မြို့၌ရှိသော တမန်တော်အား ရေးသား
မှာကြားပေးလိုက်လော့၊ မြင့်မြတ်သောသူ၊ ဟုတ်မှန်
သောသူ၊ **ဒေးဗစ်**မင်း၏သော့ကိုကိုင်ပြီး သူဖွင့်လျှင်
မည်သူမျှမပိတ်နိုင်၊ သူပိတ်လျှင်မည်သူမျှ မဖွင့်နိုင်
၈။ ဟုသောသူ၏အမိန့်တော်ကား ဤသို့တည်း။ သင်၏
အကျင့်ကို ငါသိ၏။ မည်သူမျှ မပိတ်နိုင်သောတံခါး
ကိုငါဖွင့်ထား၏။ သင့်၌ စွမ်းဆောင် အားနည်း
ကြောင်းငါသိ၏။ သို့သော် ငါ့စကားကို သင်
၉။ စောင့်ထိန်း၏။ ငါ၏နာမကိုသင်မငြင်းပယ်။ စာတန်
၏တရားဇရပ်က မိမိကိုယ်ကို **ဂျူး**လူမျိုးဖြစ်သည်ဟု
လိမ်ညာသောသူတို့ကို သင်၏ခြေရင်းမှာ လာရောက်
ပျပ်ဝပ်စေမည်။ ငါသည်သင့်ကိုချစ်ကြောင်းသူတို့ကို
၁၀။ သိစေမည်။ သင်သည် ငါ၏သည်းခံခြင်းတရားကို
လိုက်နာထိန်းသိမ်းသောကြောင့် ကမ္ဘာပေါ်မှာနေထိုင်
ကြသောသူများကို စုံစမ်းရမည့်အချိန် ရောက်သော
အခါ၊ သင့်ကို ငါကာကွယ်စောင့်ရှောက်မည်။
၁၁။ ငါသည် မကြာမီကြွလာမည်။ မည်သူမျှသင်၏သရဖူ
ကိုမလုယူစေရန် သင်ပိုင်ဆိုင်ထားသော အရာကို
စွဲမြဲစွာ ထိန်းသိမ်းထားပါလော။
၁၂။ အနိုင်ရသောသူကို ငါသည် ဘုရားသခင်၏ဗိမ္မာန်
တော်၌မဏ္ဍိုင်ဖြစ်စေမည်။ မည်သည့်အခါမျှ ဗိမ္မာန်
တော်မှထွက်ခွာမသွားစေရ၊ ဘုရားသခင်၏နာမတော်
နှင့်လည်းကောင်း၊ ငါ့ဘုရား၏ ကောင်းကင်ဘုံမှ
ဆင်းသက်လာသော **ဂျေရုဆလင်**မြို့သစ်၏ နာမ
တော်နှင့်လည်းကောင်း၊ ငါ၏ နာမတော်သစ်နှင့်
လည်းကောင်း၊ သူ့ကို တံဆိပ်ခတ်မည်။
၁၃။ ဝိညာဉ်တော်က အသင်းတော်များအား မိန့်မှာတော်မူ
ရာကိုနားရှိသောသူသည် ကြားပါစေ။
၁၄။ **လာအိုဒီစီယ**တွင်ရှိသော တမန်တော်ထံသို့ရေးသား
မှာကြားလိုက်လော့၊ ဘုရားသခင်ဖန်ဆင်းတော်မူခြင်း
၏အစမူလဖြစ်၏။ သစ္စာရှိ၍ ဟုတ်မှန်သော သက်
သေခံဖြစ်တော်မူသော အာမင်၏ အမိန့်တော်ကား
၁၅။ ဤသို့တည်း။ သင်၏လုပ်ဆောင်ချက်များကို ငါသိ
၁၆။ ၏။ သင်သည် မပူ၊ မအေးဖြစ်၏။ အေးလျှင်လည်း
အေး၊ ပူလျှင်လည်းပူပါက ကောင်းပေစွ၊ သင်သည်
မပူမအေး၊ နွေးရုံမျှသာရှိသောကြောင့် ငါ့ခံတွင်းမှ
၁၇။ သင့်ကို အန်ထုတ်မည်။ အကြောင်းမူကား ငါသည်
ကြွယ်ဝချမ်းသာ၏။ ငါသည် တိုးတက်၏၊ ငါသည်
မည်သည့်အရာကိုမျှ မလိုအပ်ဟု သင်ဆိုလေပြီ။
သို့ရာတွင် သင်သည်မိမိကိုယ်ကို ယုတ်ညံ့သိမ်ဖျင်း
သူ၊ သနားဖွယ်ကောင်းသူ၊ ဆင်းရဲသူ၊ မျက်စိကန်း
သူနှင့်အဝတ်ချည်းစီးရှိသူဖြစ်သည်ကို သင်မသိပါတ
၁၈။ ကား။ သို့ဖြစ်၍ သင့်ကို ငါအကြံပေးမည်၊ သင်
ချမ်းသာကြွယ်ဝစေရန် မီးဖြင့် သန့်စင်ထားသော
ရွှေကိုငါ့ထံမှ ဝယ်ယူလော။ သင်၏ ရှက်ဖွယ်သော

အဝတ်ချည်းစီးဖြစ်ခြင်းကို လူမမြင်ရန် ငါ့ထံမှဝတ်ရုံ
ဖြူကိုဝယ်ယူဝတ်ဆင်လော့၊ မျက်စိမြင်စေခြင်းငှါ ငါ့
၁၉။ ထံမှမျက်စဉ်းဝယ်၍ ခတ်ပါလော။ ငါချစ်သောသူကို
အပြစ်ဒဏ်ပေး၍ဆုံးမတတ်၏။ ထို့ကြောင့် စိတ်အား
၂၀။ ထက်သန်ပါလော့။ နောင်တယူပါလော။ ငါသည်တံ
ခါးရှေ့မှာရပ်၍ ခေါက်လျက်နေ၏။ ငါ့အသံကို
ကြားပြီးဖွင့်ပေးသောသူထံငါဝင်၍ သူနှင့်အတူ ငါစား
သောက်မည်။ သူသည်လည်း ငါ့နှင့်အတူစားသောက်
၂၁။ ရလိမ့်မည်။ အောင်မြင်သောသူအား ငါသည် ခမည်း
တော်ဘုရားနှင့် စံမြန်းသကဲ့သို့ သူသည် ငါ၏ရာဇ
၂၂။ ပလ္လင်ပေါ်မှ စံမြန်းရလိမ့်မည်။ ဝိညာဉ်တော်သည်
အသင်းတော်များအား ပြောရန်ရှိသည်ကို နားရှိသော
သူသည်ကြားပါစေ။

## အခန်းကြီး (၄)
## ကောင်းကင်ဘုံ၌ကိုးကွယ်ဝတ်ပြုခြင်း

၁။ ထို့နောက် ငါကြည့်လိုက်သောအခါ ကောင်းကင်
တံခါးပွင့်နေသည်ကို အံ့သြစွာမြင်ရ၏။ ပထမ
အကြိမ်က ငါကြားရသော တံပိုးခရာသံနှင့်တူသည့်
အသံကဆိုသည်မှာ အပေါ်သို့တက်ခဲ့ပါလော။
၂။ ထို့နောက် ဖြစ်လတ္တံ့သောအရာများကို ငါပြမည်ဟု
ငါ့အားဆို၏။ ချက်ခြင်းပင် ငါသည်ဝိညာဉ်တော်နှင့်
ပြည့်၍ ကောင်းကင်ဘုံမှပလ္လင်နှင့်ပလ္လင်ပေါ်မှာ ထိုင်
၃။ နေသူကို ငါမြင်ရ၏။ ပလ္လင်ပေါ်တွင် ထိုင်နေသော
သူသည် နဂါးသွဲ့ကျောက်၊ မဟူရာကျောက်ကဲ့သို့
တောက်ပ၏။ ပလ္လင်တော်၏ဝန်းကျင်တွင် မြစိမ်း
ရောင်ပြေးနေသော သတ်တန့်ရှိ၏။
၄။ ထိုပလ္လင်၏ပတ်လည်တွင် အခြားပလ္လင် နှစ်ဆယ့်
လေးခုရှိပြီး ယင်းပလ္လင်များပေါ်တွင် ခေါင်းပေါ်၌
ရွှေသရဖူကို ဆောင်းထားလျက် ဖြူသောဝတ်ရုံကို
ဝတ်ဆင်ထားသည့် သက်ကြီးဝါကြီး နှစ်ဆယ့်
လေးဦးတို့ထိုင်နေသည်ကို ငါမြင်ရ၏။ ပလ္လင်ထဲမှ
လျှပ်ပစ်သံ၊ မိုးကြိုးသံများလာသည်ကို ငါကြားရမြင်
၅။ ရ၏။ ပလ္လင်တော်ထဲမှ လျှပ်စီးလက်သည့်အရောင်
များ၊ မိုးကြိုးထစ်ချုန်းသံများ ထွက်ပေါ်လာ၏။
ပလ္လင်ရှေ့တော်၌ ဘုရားသခင်၏ဝိညာဉ် ခုနစ်ပါး
တည်းဟူသော မီးရှူးမီးတိုင် ခုနစ်တိုင်သည် ထွန်း
လင်းတောက်လောင်လျက်ရှိ၏။
၆။ ပလ္လင်တော်၏ရှေ့တွင် ကျောက်သလင်းနှင့်တူသည့်
ဖန်ရေကန်ဟုထင်ရသောရေကန်ရှိ၏။ ပလ္လင်တော်၏
လေးဖက်လေးတန်၌မူ ရှေ့နောက်မျက်စိများပါသော
အသက်ရှင်သည့်သတ္တဝါလေးဦး ရှိ၏။
၇။ ပထမ သက်ရှိသတ္တဝါသည် ခြင်္သေ့ကဲ့သို့ လည်း
ကောင်း၊ ဒုတိယသက်ရှိသတ္တဝါသည် နွားလားကဲ့သို့
လည်းကောင်း၊ တတိယသက်ရှိသတ္တဝါမှာမူ ပုံသန်း
နေသောလင်းယုန်ငှက်ကဲ့သို့လည်းကောင်း တူ၏။
၈။ ထိုသတ္တဝါလေးဦးစလုံးတွင် တောင်ပံခြောက်ခုစီ
ရှိကြ၏။ သူတို့၏ ကိုယ်အတွင်းနှင့်အပြင်တို့တွင်
မျက်စိများနှင့် ပြည့်နှက်လျှက်ရှိနေပြီး နေ့ညမပြတ်
သီချင်းဧကျူးကြသည်ကား ပစ္စုပ္ပန်၊ အတိတ်၊ အနာ
ဂတ်တို့တွင် ထာဝရတည်တော်မူသော အနန္တတန်ခိုး
တော်ရှင်ဘုရားသခင်သည် သန့်ရှင်းတော်မူ၏။ သန့်
ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏ဟု အဆက်မပြတ်
သီဆိုနေကြ၏။
၉။ ထိုသက်ရှိသတ္တဝါလေးဦးတို့သည် ပလ္လင်ပေါ်တွင်
စံပွါယ်တော်မူသည့် ထာဝရ အသက်ရှင်တော်မူသော
ဂုဏ်ပြုချီးမွမ်းကျေးဇူးဆပ်တင်ခြင်းပြုသည့်အခါတိုင်း
၁၀။ နှစ်ဆယ့်လေးဦးသော သက်ကြီးဝါကြီးတို့သည်
ပလ္လင်တော်ပေါ်တွင် ထိုင်တော်မူသောအရှင်၏ ရှေ့
မှောက်တွင် ပျပ်ဝပ်ကြလျက် ကမ္ဘာအဆက်ဆက်
တည်တော်မူသော အရှင်အား ဝတ်ပြုရှိခိုးကိုးကွယ်
ကြကုန်၏။
၁၁။ သူတို့သည် မိမိတို့ ဗောင်းသရဖူများကို ချွတ်ကြ၍
ပလ္လင်ရှေ့မှာချထားကြလျှက် ကျွန်ုပ်တို့၏ ဘုရား
သခင်သည် အာဏာတော်နှင့် ဘုန်းကျက်သရေခံစား
ထိုက်ပေ၏။ ကိုယ်တော်သည် အရာခပ်သိမ်းတို့ကို
ဖန်ဆင်းတော်မူ၍ ကိုယ်တော်၏ အလိုတော်မြတ်
အတိုင်း ခပ်သိမ်းသောအရာတို့သည် အသက်ရှင်သန်
ရကြ၏ဟု သီဆိုချီးမွမ်းကြ၏။

## အခန်းကြီး (၅)
## ပေဖူးလိပ်နှင့်သိုးငယ်တော်

၁။ ပလ္လင်တော်ပေါ်တွင် ထိုင်နေသောသူ၏ လကျာ်လက်
တွင်ကိုင်ထားသော တံဆိပ်ခုနစ်ချက်ခတ်နှိပ်ထားပြီး
အတွင်းအပြင် အက္ခရာတင်ရေးသားထားသောစာချွန်

၂။ တော်ကိုငါမြင်၏။ ခွန်အားကြီးသည့်တမန်တစ်ပါးက
မည်သူသည် ချိပ်တံဆိပ်များကိုခွါပြီး စာလိပ်ကို ဖွင့်
နိုင်စွမ်းရှိသနည်းဟု ကျယ်သောအသံနှင့်ကြွေးကြော်
၃။ လျက်နေသည်ကို ငါကြားမြင်ရ၏။ သို့ရာတွင်
ကောင်းကင်၌ လည်းကောင်း၊ မြေကြီးပေါ်၌ လည်း
ကောင်း၊ မြေကြီးအောက်၌လည်းကောင်း ဤစာလိပ်
ကိုဖွင့်နိုင်သူ သို့မဟုတ ဖတ်ရှုနိုင်သူ မည်သူတစ်ဦး
၄။ တစ်ယောက်မျှမရှိ။ ဤစာလိပ်ကိုဖွင့်နိုင်သူ သို့မ
ဟုတ် ဖတ်ရှုနိုင်သူ တစ်ယောက်မျှ မတွေ့ရသော
၅။ ကြောင့်ငါသည် ပြင်းထန်စွာ ငိုကြွေးခဲ့ရ၏။ ထိုအခါ
သက်ကြီးဝါကြီးတို့အထဲမှ တစ်ဦးက မငိုကြွေးနှင့်
**ဂျူဒ**အမျိုးအနွယ်ဝင် ခြင်္သေ့တည်းဟူသော **ဒေးဗစ်**
၏မျိုးဆက်မှဆင်းသက်လာသောသူသည် အောင်မြင်
လေပြီ၊ သူသည်ဤစာလိပ်နှင့် ချိပ်တံဆိပ်ခုနစ်ခုကို
ဖွင့်နိုင်ပြီဟု ငါ့အားပြောလေပြီ။
၆။ ထို့နောက် ပလ္လင်တော်နှင့် သတ္တဝါလေးဦးတို့အကြား
သက်ကြီးဝါကြီးတို့အလယ်တွင် ရပ်နေသောသိုးငယ်
တော်ကို ငါမြင်ရ၏။ သိုးငယ်တော်သည် ပူဇော်ရန်
အသတ်ခံထားရသကဲ့သို့ဖြစ်ပြီး သူ၌ ဦးချို ခုနစ်
ချောင်းနှင့် မျက်စိခုနစ်လုံးရှိ၏။ ယင်းတို့သည်ကား
မြေပြင်တစ်ခုလုံးပေါ်သို့ ဘုရားသခင် စေလွှတ်တော်
၇။ မူသောဝိညာဉ်တော် ခုနစ်ပါးပေတည်း။ သူသည်
သွား၍ ပလ္လင်ပေါ်မှာထိုင်သောသူ၏ လက်ျာလက်မှ
၈။ စာလိပ်ကိုယူလိုက်၏။ ထိုသို့ စာလိပ်ကို ယူလိုက်
သောအခါ အသက်ရှင်သော သတ္တဝါလေးဦးနှင့်
သက်ကြီးဝါကြီးနှစ် ဆယ့်လေးဦးတို့သည် စောင်း
ကိုယ်စီဖြင့် သူတော်သူမြတ်တို့၏ ပတ္တနာတည်း
ဟူသောလော်ဗန်နှင့်ပြည့်လျက်ရှိသည့် ရွှေဖလားများ
ကိုကိုင်ဆောင်ကာ သိုးငယ်တော်ရှေ့တွင်ပျပ်ဝပ်လျက်
၉။ သစ်သောသီချင်းကို သီဆိုကြသည်ကား ကိုယ်တော်
သည်စာလိပ်ကိုယူ၍ ချိပ်တံဆိပ်များကို ဖွင့်လှစ်
သောသူဖြစ်တော်မူပါ၏။ အကြောင်းမူကား ကိုယ်
တော်သည်အသေသတ်ခြင်းခံရ၍ အသွေးတော်အား
ဖြင့်အမျိုးအနွယ်အသီးသီး၊ ဘာသာစကား အသီးသီး
တိုင်းနိုင်ငံအသီးသီးတို့မှ လူများကို ဘုရားသခင်
အတွက်ရွေးနှုတ်တော်မူ၏။
၁၀။ ကိုယ်တော်သည် သူတို့ကို ကျွန်ုပ်တို့၏ဘုရားသခင်
အတွက် နိုင်ငံတော်နှင့်ရဟန်းများအဖြစ်တည်ထောင်
တော်မူ၏။ သူတို့သည်လည်း ကမ္ဘာပေါ်တွင် အုပ်စိုး
၁၁။ ရသောအခွင့်ကိုရကြလိမ့်မည်ဟူ၍တည်း။ ထို့နောက်
ငါကြည့်လိုက်သောအခါ ပလ္လင်တော်၊ သတ္တဝါ လေး
ဦးနှင့်သက်ကြီးဝါကြီးတို့ကို ဝိုင်းရံလျှက် ရပ်နေကြ
သောကုဋေသန်းပေါင်းမက အတိုင်းမသိ များစွာသော
ကောင်းကင်တမန်တော်တို့၏အသံကို ငါကြားရ၏။
၁၂။ သူတို့သည် ကျယ်သောအသံဖြင့် ကြွေးကြော်ကြ
သည်ကား အသေသတ်ခြင်းခံရသော သိုးငယ်တော်
သည် တန်ခိုးအာနုဘော်၊ စည်းစိမ်ချမ်းသာ၊ ဉာဏ်
ပညာတော်ခွန်အား၊ ချီးမွမ်းသြဘာ၊ ဘုန်းဂုဏ်တော်
နှင့်ကောင်းချီးမင်္ဂလာတို့ကို ခံထိုက်တော်မူပါ၏ဟူ၍
၁၃။ တည်း။ ထို့နောက် ကောင်းကင်နှင့် မြေကြီးပေါ်မှာ
လည်းကောင်း၊ မြေကြီးအောက်နှင့် ပင်လယ်တွင်
လည်းကောင်း ဖန်ဆင်းခံသတ္တဝါရှိသမျှတို့က ပလ္လင်
ပေါ်တွင်စံပယ်တော်မူသောသခင်နှင့် သိုးငယ်တော်၌
ကောင်းချီးမင်္ဂလာ၊ ချီးမွမ်းသြဘာ၊ ဘုန်းဂုဏ်တော်
နှင့်ခွန်အားတန်ခိုးတို့သည် ကာလအဆက်ဆက်ရှိစေ
သတည်းဟု ကြွေးကြော်ကြသည်ကို ငါကြားရ၏။
၁၄။ သက်ရှိသတ္တဝါလေးဦးတို့က အာမင်ဟု ပြန်ဖြေကြ၍
သက်ကြီးဝါကြီးတို့ကလည်း ပျပ်ဝပ်၍ ရှိခိုးကြ
ကုန်၏။

## အခန်းကြီး (၆)

## ချိပ်တံဆိပ်(၇)ခု

၁။ သိုးငယ်တော်သည် ချိပ်တံဆိပ်ခုနစ်ခုအနက် တစ်ခု
ဖွင့်သည်ကို ငါမြင်ရ၏။ ထိုအခိုက် သက်ရှိသတ္တဝါ
လေးဦးတွင်တစ်ဦးက မိုးခြိမ်းသံနှင့်တူသောအသံဖြင့်
လာလော့ဟု ပြောသည်ကို ငါကြားရ၏။
၂။ ထို့နောက် မြင်းဖြူတစ်ကောင်နှင့် လေးကိုင်ထားသူ
မြင်းစီးသူရဲကို ငါမြင်ရ၏။ ထိုသူသည် သရဖူကို
ခံယူပြီးအောင်ပွဲခံလျှက် ထပ်မံအောင်ပွဲခံရန် ထွက်ခွာ
၃။ သွားလေ၏။ သိုးငယ်တော်သည် ဒုတိယချိပ်တံဆိပ်
ကိုဖွင့်လိုက်သောအခါ ဒုတိယ သက်ရှိသတ္တဝါက
လာလော့ဟုဆိုသည်ကို ငါကြားရ၏။
၄။ ထို့နောက် နီရဲတောက်ပြောင်သော အခြားမြင်းတစ်
ကောင်ထွက်လာ၏။ ယင်း၏မြင်းစီးသူရဲမှာမူကား
လူသားအချင်းချင်းသတ်ဖြတ်ကြရန်၊ ကမ္ဘာမြေပေါ်ရှိ
ငြိမ်းချမ်းခြင်းကို ပယ်ဖျက်ခွင့်အာဏာ အပ်နှင်း
ထား၏။ ထို့ကြောင့် ဓါးကြီးတစ်လက်ကို သူ့အား
၅။ ပေးအပ်ထား၏။ သိုးငယ်တော်သည် တတိယချိပ်
တံဆိပ်ကို ဖွင့်လိုက်သောအခါ တတိယသက်ရှိ

၆။ သတ္တဝါက 'လာလော့' ဟု ဆိုသည်ကို ငါကြားရ၏။
ထို့နောက် ငါကြည့်လိုက်သောအခါ မြင်းနက်ကြီး
တစ်ကောင်ကိုတွေ့ရ၏။ မြင်းစီးသူရဲသည် လက်တွင်
ချိန်ခွင်ကိုကိုင်ထား၏။ ထို့နောက် သက်ရှိသတ္တဝါ
လေးဦးတို့အလယ်မှ ထွက်ပေါ်လာသည်ဟု ထင်ရ
သောအသံကို ငါကြားရသည်မှာ ဂျုံတစ်စိတ်ကို
ဒေနာရီတစ်ပြား၊ ဘာလီဂျုံသုံးစိတ်ကို ဒေနာရီ
တစ်ပြား၊ သို့သော် စပျစ်ရည်နှင့်ဆီကို မဖျက်ဆီးနှင့်
၇။ ဟူ၍ဖြစ်၏။ သိုးငယ်တော်သည် စတုတ္ထချိပ်တံဆိပ်
ကိုဖွင့်လိုက်သောအခါ စတုတ္ထ သက်ရှိသတ္တဝါက
လာလော့ဟူသောအသံကို ငါကြားရ၏။
၈။ ထို့နောက် အရောင်ဖျော့သော မြင်းတစ်ကောင်ကို ငါ
မြင်ရ၏။ မြင်းစီးသူရဲအမည်မှာ "သေခြင်း"ဟုအမည်
တွင်ပြီး သူ၏နောက်တွင် မရဏာနိုင်ငံသည် လိုက်ပါ
လာ၏။ လူတို့အား ဓါးလက်နက်ဖြင့်လည်းကောင်း၊
ငတ်မွတ်ခေါင်းပါးခြင်းဖြင့် လည်းကောင်း၊ ကပ်ရော
ဂါများဖြင့်လည်းကောင်း၊ သားရဲတိရစ္ဆာန်တို့ဖြင့်
လည်းကောင်း၊ သေကြေပျက်စီးကြစေရန် ကမ္ဘာ
မြေပြင်ကြီး၏လေးပုံတစ်ပုံကို သူတို့လက်တွင်းသို့
၉။ လွှဲအပ်လိုက်၏။ သိုးငယ်တော်သည် ပဉ္စမချိပ်တံဆိပ်
ကိုဖွင့်လိုက်သောအခါ ဘုရားသခင်၏ နှုတ်ကပတ်
တော်ကို သက်သေခံသောကြောင့် အသတ်ခံရသော
သူတို့၏ဝိညာဉ်များကို ယဇ်ပလ္လင်အောက်၌ ငါမြင်ရ
၁၀။ ၏။ ထိုသူတို့က အားလုံးစုံကို စိုးပိုင်တော်မူသော
အရှင်ဘုရား၊ မြင့်မြတ်မှန်ကန်တော်မူသောဘုရား၊
ကျွန်ုပ်တို့ သွေးမြေကျရခြင်းအတွက် ကမ္ဘာပေါ်တွင်
နေထိုင်သူတို့အား တရားစီရင်ရန်နှင့် ဒဏ်ခတ်ရန်
မည်မျှကြန့်ကြာတော်မူဦးမည်နည်းဟု ကျယ်သော
၁၁။ အသံနှင့် အော်ဟစ်ကြ၏။ သူတို့အသီးသီးသည်
ဝတ်ရုံဖြူတစ်ထည်စီကို ခံယူရရှိကြပြီးသူတို့ကဲ့သို့
အသတ်ခံရသောသူများ၊ စုံလင်စွာရောက်ရှိလာသည့်
တိုင်အောင်ခဏတ္တစောင့်ငံ့ကြရန် မှာကြားခြင်း ခံရကြ
၁၂။ ၏။ ထို့နောက် ငါကြည့်၍နေစဉ် သိုးငယ်တော်သည်
ဆဋ္ဌမချိပ်တံဆိပ်ကို ဖွင့်လိုက်သောအခါ ငလျင် ပြင်း
ထန်စွာလှုပ်လေ၏။ နေသည်လျှော်တေအဝတ်ကဲ့သို့
မည်းညစ်နေ၏။ လပြည့်ဝန်းသည် သွေးကဲ့သို့ နီရဲ
၁၃။ နေ၏။ ရေသဖန်းပင်မှ အသီးစိမ်းများကို လေပြင်းက
လှုပ်ချ၍ အသီးကြွေကျသကဲ့သို့ ကောင်းကင်မှကြယ်
တို့သည်လည်း မြေကြီးပေါ်သို့ ကြွေကျကြ၏။
၁၄။ ကောင်းကင်သည် စာလိပ်တစ်လိပ်ကို လိပ်ယူလိုက်
သကဲ့သို့ ပျောက်ကွယ်သွား၏။ တောင်တန်းများနှင့်
ကျွန်းများတို့သည် မိမိတို့တည်ရှိရာမှ ရွှေ့လျားသွား
၁၅။ ကြ၏။ မြေကြီးပေါ်ရှိဘုရင်မင်းများ၊ လူကြီးလူ
ကောင်းများ၊ စစ်သူကြီးများ၊ သူဌေးသူကြွယ်များနှင့်
ခွန်အားကြီးသူများ၊ ကျေးကျွန်နှင့်လွတ်လပ်သူရှိသမျှ
တို့သည် တောင်တန်းများတွင်ရှိသော လိုဏ်ဂူများနှင့်
ကျောက်ဆောင်များတို့တွင် ပုန်းအောင်းနေကြရ၏။
၁၆။ ထို့နောက် သူတို့သည် တောင်တန်းများနှင့် ကျောက်
ဆောင်များအား ငါတို့အပေါ်သို့ ပြိုကျကြပါ။ ပလ္လင်
ပေါ်တွင် စံပယ်တော်မူသော အရှင်၏မျက်နှာတော်
မှလည်းကောင်းသိုးငယ်တော်၏အမျက်တော်မှလည်း
ကောင်း ငါတို့ကို ဖုံးကွယ်ပေးကြပါ။
၁၇။ အကြောင်းမူကား အရှင်နှစ်ပါး၏ အမျက်တော် သင့်
သော နေ့ကြီးရောက်လာမည်ဖြစ်၍ မည်သူခံနိုင်မည်
နည်းဟု ကြွေးကြော်ကြ၏။

## အခန်းကြီး (၇)

## တံဆိပ်ခတ်နိုပ်ခြင်းခံရသော အစ္စရေးလ်လူမျိုး တစ်သိန်းလေးသောင်း လေးထောင်

၁။ ရေပြင်၊ မြေပြင်နှင့်သစ်ပင်များအပေါ် မတိုက်ခတ်ရန်
ကမ္ဘာမြေလေးမျက်နှာမှလေတို့ကိုထိန်းချုပ်ထားသော
တမန်တော်လေးပါးရပ်နေသည်ကိုငါမြင်၏။
၂။ ထို့နောက် အသက်ရှင်တော်မူသော ဘုရားသခင်၏
တံဆိပ်တော်ကို ကိုင်ဆောင်လာသော ကောင်းကင်တ
မန်တစ်ပါးသည်နေထွက်ရာအရပ်မှတက်လာသည်ကို
ငါမြင်ပြန်၏။ သူသည် ကုန်းမြေနှင့်ပင်လယ်ကိုဖျက်
ဆီးနိုင်ခွင့် ရရှိထားသော တမန်တော်လေးပါးအား
ကျယ်သောအသံနှင့်ဆိုသည်မှာငါတို့ဘုရားသခင်၏
၃။ အစေခံတို့၊နဖူးပေါ်မှာဘုရား၏တံဆိပ်မခတ်မီမြေကြီး၊
ပင်လယ်နှင့်သစ်ပင်တို့ကိုမဖျက်ဆီးပါနှင့်ဟူ၍တည်း၊
၄။ ထို့နောက်တံဆိပ်ခတ်ပြီးသောသူတို့၏အရေအတွက်
ကို ငါကြားရသည်**အစ္စရေးလ်**အမျိုးနွယ်အသီးသီးမှ
တစ်သိန်းလေးသောင်းလေးထောင်ကို တံဆိပ်ခတ်ပြီး
ဖြစ်၏။
၅။ **ဂျုဒ**အမျိုးအနွယ်မှတစ်သောင်းနှစ်ထောင်၊**ရုဘင်**အမျိုး
အနွယ်မှတစ်သောင်းနှစ်ထောင်၊ **ဂါတ်**အမျိုးအနွယ်မှ

၆။ တစ်သောင်းနှစ်ထောင်။ **အက်စ်ရှာ** အမျိုးအနွယ်မှ
တစ်သောင်းနှစ်ထောင်၊ **နက္ခတာလီ**အမျိုးအနွယ်မှ
တစ်သောင်းနှစ်ထောင်၊ **မာနာစေ**အမျိုးအနွယ်မှတစ်
၇။ သောင်းနှစ်ထောင်။ **စီမေအုန်** အမျိုးအနွယ်မှ တစ်
သောင်းနှစ်ထောင်၊**လေဗီ**အမျိုးအနွယ်မှ တစ်သောင်း
နှစ်ထောင်။ **အီဇာခါ** အမျိုးအနွယ်မှ တစ်သောင်းနှစ်
ထောင်၊**ဇေဘုလွန်** အမျိုးအနွယ်မှ တစ်သောင်းနှစ်
၈။ ထောင်၊**ယိုးဇက်**အမျိုးအနွယ်မှတစ်သောင်းနှစ်ထောင်
**ဘင်ဂျာမင်**အမျိုးတို့ဖြစ်ကြ၏။

## လူမျိုးအသီးသီးမှလာသောလူအစုအဝေးကြီး

၉။ ထို့နောက် ငါကြည့်လိုက်သောအခါ မည်သူမျှ မရေမ
တွက်နိုင်အောင် များပြားသော လူအစုအဝေးကြီးကို
တွေ့လိုက်ရ၏။ ထိုသူတို့သည် ဘာသာစကားပေါင်း
စုံ၊ လူမျိုးပေါင်းစုံ၊ တိုင်းနိုင်ငံပေါင်းစုံတို့မှဖြစ်ကြ၏။
သူတို့သည်ဝတ်ရုံဖြူများကိုဝတ်ဆင်ထားပြီးစွန်ပလွန်
ခက်များကိုင်ဆောင်ထားကြလျက်ပလ္လင်တော်နှင့်သိုး
ငယ်တော်ရှေ့တွင် ရပ်လျှက်နေကြ၏။
၁၀။ သူတို့သည် ကျယ်သောအသံဖြင့်ကြွေးကြော်ကြသည်
မှာကယ်တင်ခြင်းကိုပလ္လင်ပေါ်မှာစံပယ်တော်မူသော
ဘုရားသခင်နှင့် သိုးငယ်တော်တို့သာလျှင် ပိုင်ဆိုင်
၁၁။ တော်မူ၏ဟူ၍တည်း။ ကောင်းကင် တမန်တော် အ
ပေါင်းတို့သည် ပလ္လင်တော်ကိုလည်းကောင်း၊ သက်
ကြီးဝါကြီးများနှင့်သက်ရှိသတ္တဝါလေးဦးတို့ကိုလည်း
ကောင်း ဝိုင်းရံပြီး ရပ်နေကြ၏။ ထို့နောက် သူတို့
သည် ပလ္လင်တော်ရှေ့တွင် ပျပ်ဝပ်၍ ကျွန်ုပ်တို့၏
ဘုရားသခင်အားရှိခိုးကိုးကွယ်လျက် ကြွေးကြော်ကြ
၁၂။ သည်မှာအာမင်။ ကျွန်ုပ်၏ဘုရားအား ကောင်းချီးမင်္ဂ
လာ၊ ဘုန်းတော်ဂုဏ်တော်၊ ပညာတော်၊ ကျေးဇူးတင်
ဆပ်ခြင်း၊ ချီးမွမ်းသြဘာနှင့် တန်ခိုးအာနုဘော်တော်
တို့သည် ကာလအဆက်ဆက် ရှိပါစေ အာမင်
၁၃။ ဟူ၍တည်း။ ထိုအခါ သက်ကြီးဝါကြီးထဲမှ တစ်ဦး
ကဝတ်ရုံဖြူကို ဆင်မြန်းသော သူတို့ကား မည်သူတို့
နည်း၊ မည်သည့်အရပ်က လာကြသနည်းဟု ငါ့အား
မေး၏။
၁၄။ ငါကလည်းသခင်ကိုယ်တော်သိပါ၏ဟုပြန်ပြောသော
အခါသူက သူတို့သည်ကြီးမားသော ဆင်းရဲဒုက္ခထဲမှ
လွတ်မြောက် လာကြသောသူများ ဖြစ်ကြ၏။ သူတို့
သည်မိမိတို့ဝတ်ရုံများကိုသိုးငယ်တော်၏သွေး၌ဆေး
၁၅။ ၍ဖြူစင်စေခဲ့ကြ၏။ ထို့ကြောင့် သူတို့သည် ဘုရား
သခင် ပလ္လင်တော်ရှေ့မှာ ရောက်ရှိနေကြလျက် ကိုယ်
တော်၏ ဗိမ္ဗာန်တော်တွင် နေ့ညမပြတ်ဝတ်ပြုနေခြင်း
ဖြစ်၏။ သူတို့ကို ပလ္လင်ပေါ်မှာ စံပယ်တော်မူသော
ကိုယ်တော်သည်လည်း သူတို့ကိုမျက်မှောက်ရှေ့တော်
၌ စောင့်ရှောက်ထားတော်မူလိမ့်မည်။
၁၆။ သူတို့သည် အစာမပြတ်ရေမငတ်ရ၊ နေပူရှိန်လည်း
၁၇။ မလောင်စေရ။အကြောင်းမူကားပလ္လင်တော်၌ရှိသော
သိုးငယ်တော်သည် သူတို့၏သိုးထိန်းဖြစ်တော်မူလိမ့်
မည်။ ကိုယ်တော်သည် အသက်ပေးသောရေရှိရာစမ်း
အိုင်သို့သူတို့ကိုဦးဆောင်သွားလိမ့်မည်။ဘုရားသခင်
သည်သူတို့၏ မျက်ရည်များကို သုတ်ပေးတော်မူလိမ့်
မည်။

## အခန်းကြီး (၈)

## သတ္တမမြောက်တံဆိပ်တော်

၁။ သိုးငယ်တော်သည် သတ္တမတံဆိပ်ကို ဖွင့်လိုက်သော
အခါ ကောင်းကင်၌ နာရီဝက်ခန့်ဆိတ်ငြိမ်သွား၏။
၂။ ထို့နောက်ဘုရားသခင်ရှေ့တော်မှာရပ်နေသောကောင်း
ကင်တမန်တော်ခုနစ်ပါးတို့အား တံပိုးခရာခုနစ်ခုပေး
အပ်သည်ကို ငါမြင်ရ၏။
၃။ အခြားတမန်တော်တစ်ပါးသည် ရွှေလော်ဗန်ကို ကိုင်
လျက် ယဇ်ပလ္လင်ရှေ့မှာရပ်နေ၏။ သူတော်စင်များ၏
ဆုတောင်းပတ္ထနာများနှင့်ပေါင်းစပ်၍ ပူဇော်ရန်လော်
၄။ ဗန်မှုန့်ကို သူ့အား ပေးလေ၏။ သူတော်စင်တို့၏
ဆုတောင်း ပတ္ထနာများသည် တမန်တော်လက်ထဲရှိ
လော်ဗန်အခိုးအငွေ့တို့နှင့်အတူ ဘုရားရှင်ရှေ့မှောက်
၅။ တော်သို့တက်လေ၏။ ထိုအချိန်မှာ တမန်တော်သည်
လော်ဗန်ခွက်တွင်ယဇ်ပလ္လင်မှမီးခဲများဖြည့်ပြီးမြေပေါ်
သို့ပစ်ချလိုက်၏။တစ်ချိန်တည်းမှာပင်မိုးထစ်ချုန်းသံ
ကျယ်လောင်သောအသံ၊ လျှပ်စီး လက်ခြင်းများနှင့်
အတူငလျင်လှုပ်ခြင်းဖြစ်ပေါ်လာ၏။
၆။ တံပိုးခရာခုနစ်ခုကို ကိုင်ဆောင်ထားသောတမန်တော်
ခုနစ်ပါးသည် တံပိုးခရာတို့ကို မှုတ်ရန် အဆင်သင့်
ဖြစ်နေကြ၏။
၇။ ပထမ တမန်တော်သည် သူ၏တံပိုးခရာကိုမှုတ်လိုက်
သည့်အခါ သွေးနှင့်ရောနေသောမီးနှင့်မိုးသီးတို့သည်
မြေပေါ်မှာကျလာကြ၏။ထို့ကြောင့် ကမ္ဘာမြေကြီး၏
သုံးပုံတစ်ပုံ၊ သစ်ပင်များ၏ သုံးပုံတစ်ပုံနှင့်စိမ်းလန်း
သော မြက်ပင် ရှိသမျှတို့သည် လောင်ကျွမ်းသွားကြ

၈။ ကုန်၏။ ဒုတိယတမန်တော်သည်သူ၏ တံပိုခရာကို
မှုတ်လိုက်သောအခါ မီး တောက်လောင်နေသည့်
တောင်စွယ်ကြီးကဲ့သို့သောအရာဝတ္ထုကြီးတစ်ခုသည်
၉။ ပင်လယ်ထဲသို့ပစ်ချခြင်းခံရ၏။ပင်လယ်၏သုံးပုံတစ်
ပုံသည် သွေးအတိဖြစ်သွားပြီး ပင်လယ်ထဲရှိသက်ရှိ
သတ္တဝါသုံးပုံတစ်ပုံတို့သည် သေကြေ၍ သုံးပုံတစ်ပုံ
သောသင်္ဘောတို့သည် ပျက်စီးခြင်းခံရကြကုန်၏။
၁၀။ ဒုတိယတမန်တော်သည် သူ၏တံပိုးခရာကိုမှုတ်လိုက်
သောအခါ မီးတောက်လောင်နေသည့်တောင်စွယ်ကြီး
ကဲ့သို့သောအရာဝတ္ထုကြီးတစ်ခုသည် ပင်လယ်ထဲသို့
၁၁။ ပစ်ချခြင်းခံရ၏။ ယင်းသည် မြစ်များ၏သုံးပုံတစ်ပုံ
နှင့်စမ်းအိုင်များ၏ သုံးပုံတစ်ပုံ အပေါ်သို့ကျလေ၏။
ကြယ်ကြီး၏အမည်ကားခါးသည်းခြင်းဟုခေါ်၏။ရေ
၏သုံးပုံတစ်ပုံသည် ခါးသည်းသော ရေအဖြစ်သို့
ပြောင်းလဲသွား၏။များစွာသော သူတို့သည် ထိုရေကို
သောက်သောကြောင့်သေဆုံးကြကုန်၏။
၁၂။ စတုတ္ထ တမန်တော်သည်သူ၏တံပိုးခရာကိုမှုတ်လိုက်
သောအခါ နေ၏သုံးပုံတစ်ပုံ လ၏သုံးပုံတစ်ပုံနှင့်
ကြယ်များ၏ သုံးစုတစ်စုတို့ကို ထိခိုက်ပျက်စီးသဖြင့်
သုံးပုံတစ်ပုံသော အလင်းရောင်သည် ပျောက်ကွယ်
သွား၏။ နေ၏သုံးပုံတစ်ပုံသည်အလင်းပျောက်ကွယ်
၍ ညဥ့်မှာလည်း ထိုနည်းအတူဖြစ်၏။
၁၃။ ထို့နောက် ငါမော့ကြည့်လိုက်သောအခါ ကောင်းကင်
ယံတွင် ပျံသန်းနေသည့် လင်းယုန်တစ်ကောင်၏
ကျယ်လောင်သောအော်ဟစ်သံကို ငါကြားရသည်မှာ
ကျန်ရှိနေသောကောင်းကင်တမန်တော်သုံးပါးတို့မှုတ်
လုဆဲဆဲဖြစ်သောတံပိုးခရာသံကိုကြားရသောမြေကြီး
သားအပေါင်းတို့အတွက် ဘေးဒုက္ခ၊ ဘေးဒုက္ခ၊ ဘေး
ဒုက္ခဟူ၍ ဟစ်အော်လေသတည်း။

## အခန်းကြီး (၉)

၁။ ပဥ္စမ ကောင်းကင်တမန်သည်သူ၏တံပိုးကိုမှုတ်လိုက်
သောအခါကောင်းကင်မှကြယ်တစ်လုံးသည်မြေပေါ်
သို့ ကျလာသည်ကို ငါမြင်၏ တွင်းနက်ကြီးသို့ဝင်
သော လိုဏ်ခေါင်းပေါက်၏သော့ကို သူ့အားပေးအပ်
၂။ ထား၏။ သူသည် အဆုံးမရှိအောင် အသူတစ်ရာနက်
ရှိုင်းလှသော တွင်း၏လိုဏ်ခေါင်း အပေါက်ဝကို ဖွင့်
လိုက်၏။ ထိုလိုဏ်ခေါင်းပေါက်ဝမှမီးခိုးသည်ကြီး
မားသောမီးဖိုကြီး၏မီးခိုးကဲ့သို့မီးခိုးလုံးကြီးတက်လာ
၏။ ဗဟိုချက်မှထွက်လာသော ထိုမီးခိုးလုံးကြီးသည်
၃။ နေနှင့်လေကို မှောင်မည်းစေ၏။ ထို့နောက် ကျိုင်း
ကောင်တို့သည် ထိုမီးခိုးလုံးကြီးထဲမှ ထွက်လာ၍
ကမ္ဘာမြေပေါ် သို့ရောက်လာကြကုန်၏။ ထိုကျိုင်း
ကောင်များသည် ကမ္ဘာမြေပေါ်ရှိကင်းမြီးကောက်များ
၄။ ၏စွမ်းအားကိုရရှိ ထားကြ၏။ ကျိုင်းကောင်များ
သည် မြက်ပင်များနှင့်အခြားစိမ်းလန်းသော သစ်ပင်
၅။ ကြီးငယ်တို့ကို ဘေးဥပါဒ်ပြုခွင့်ရှိကြ၏။ ကျိုင်း
ကောင်များသည်ထိုသူတို့ ကိုအသေမသတ်ဘဲငါးလ
တိတိ ဒုက္ခပေးရန် ခွင့်ပြုထား၏။ သို့သော်သူတို့ကို
မသတ်ရ ကျိုင်းကောင်အကိုက်ခံရသော သူတို့သည်
ကင်းမြီးကောက်အကိုက်ခံရသကဲ့သို့ နာကျင်သော
ဝေဒနာကိုပြင်းစွာခံကြရ၏။
၆။ ထိုနေ့ရက်တို့၌ လူတို့သည် သေခြင်းကို ရင်ဆိုင်လို
ကြသော်လည်း မတွေ့ရ၊ သေလိုသောဆန္ဒရှိကြသော်
လည်း သေခြင်းတရားသည်သူတို့ကိုတိမ်းရှောင်သွား
၇။ လိမ့်မည်။ ထိုကျိုင်းကောင်များသည်စစ်ပွဲဝင်ရန်တန်
ဆာဆင်ထားသော မြင်းများနှင့်တူ၏။သူတို့၏ခေါင်း
ပေါ်တွင် ရွှေသရဖူနှင့်တူသောအရာများရှိပြီးသူတို့၏
မျက်နှာသည် လူမျက်နှာနှင့်တူ၏။
၈။ သူတို့၏ ဆံပင်သည် အမျိုးသမီးများ၏ဆံပင်ကဲ့သို့
ဖြစ်ပြီး သူတို့၏သွားများသည် ခြင်္သေ့သွားများကဲ့သို့
၉။ ဖြစ်ကြ၏။ သူတို့၏ အကြေးခွံများသည် သံချပ်ကာ
အင်္ကျီကဲ့သို့ဖြစ်၍ သူတို့အတောင်များ၏ ရိုက်ခတ်သံ
သည် စစ်တလင်းသို့မောင်းနေသောစစ်ရထားများစွာ
၁၀။ တို့၏ အသံကဲ့သို့ ဖြစ်ကြ၏။ သူတို့သည်ကင်းမြီး
ကောက်ကဲ့သို့အမြီးနှင့်အစွယ်ရှိကြ၏။သူတို့၏အမြီး
တွင် လူတို့ကို ငါးလတိုင်တိုင် ဒုက္ခပေးနိုင်သောစွမ်း
၁၁။ အားရှိ၏။အသူတစ်ရာနက်ရှိုင်းလှသောတွင်းကြီး၏
တမန်တော်ကား သူတို့၏ ဘုရင်ဖြစ်၏။ ဘုရင်၏
အမည်မှာ**ဟေဗြဲ**ဘာသာစကားအားဖြင့် **အဘက်
ဒွန်**၊**ဂရိ**ဘာသာစကားအားဖြင့်**အပိုလီရွန်**ဟုခေါ်၏။
၁၂။ ပထမ ဘေးဒုက္ခကြီး ပြီးဆုံးသွားသော်လည်း နောက်
ထပ်ဘေးဒုက္ခကြီးနှစ်ခုကျရောက်ရန် ကျန်ရှိသေး၏။

## ဆဋ္ဌမတံပိုးခရာ

၁၃။ ဆဋ္ဌမတမန်တော်သည် သူ၏တံပိုးခရာကို မှုတ်လိုက်
သောအခါ ဘုရားသခင်၏မျက်မှောက်တော်ရှိရွှေယဇ်
ပလ္လင်တွင်ရှိသော ချိုခရာလေးခုတို့မှ မှုတ်လိုက်သော

၁၄။ အသံတစ်သံသည် ထွက်ပေါ်လာ၏။ထိုအသံမှာတံပိုး
ခရာရှိသောဆဋ္ဌမမြောက်တမန်တော်အား**ယူဖရိတ်တီး**
မြစ်အနီး၌ ချည်နှောင်ထားသော တမန်တော်လေးပါး
တို့ကို ဖြေလွှတ်လိုက်လောဟူသောအသံကို ငါကြား
၁၅။ ရ၏။ သို့ဖြစ်၍ တမန်တော်လေးပါးတို့ကို ဖြေလွှတ်
လိုက်ကြ၏။ ထိုလေးပါးတို့သည် လူသတ္တဝါတို့၏
သုံးပုံတစ်ပုံကိုသတ်ဖြတ်ရန်အတွက် ဤနာရီ၊ ဤနေ့
ရက်၊ဤနှစ်တို့ကိုစောင့်ဆိုင်းနေကြသူများဖြစ်ကြ၏။
၁၆။ မြင်းစီးသူရဲတို့၏အရေအတွက်ကား ကုဋေနှစ်ဆယ်ရှိ
၏။ သူတို့၏အရေအတွက်ဤမျှရှိကြောင်းကိုငါကြား
၁၇။ ရ၏။ ငါသည်အောက်ပါရူပါရုံအိပ်မက်ကိုမြင်ရ၏။
မြင်းစီးသူရဲများသည် မီးလျှံရောင်၊ နီလာရောင်နှင့်
ကန့်ရောင်ရှိသော သံချပ်ကာ အင်္ကျီများဝတ်ဆင်ထား
ကြသည်ကို ငါမြင်၏။ မြင်းတို့၏ဦးခေါင်းများသည်
ခြင်္သေ့ဦးခေါင်းများနှင့်တူ၏။ သူတို့၏ခံတွင်းမှမီးလျှံ
၁၈။ မီးခိုးနှင့်ကန့်များထွက်ပေါ်လာ၏။ ဤကပ်သုံးပါး
တည်းဟူသော မြင်းတို့၏ခံတွင်းမှ ထွက်လာသည့်
မီးလျှံ၊ မီးခိုးနှင့် ကန့်တို့ကြောင့် လူသတ္တဝါတို့၏
၁၉။ သုံးပုံတစ်ပုံသည်သေဆုံးကြကုန်၏။ မြင်းတို့၏စွမ်း
အားသည်သူတို့ ၏ခံတွင်းနှင့်အမြီးတို့တွင် ရှိကြ၏။
သူတို့၏အမြီးများသည် မြွေနှင့်တူပြီး ဦးခေါင်းများ
လည်းပါရှိ၏။ ထိုအမြီးများကို အသုံးပြု၍ လူတို့
၂၀။ ကိုအန္တရာယ်ပြုကြ၏။ ဤကပ်သုံးပါးတွင် မသေဘဲ
ကျန်ရစ်သောလူသားများသည် မိမိတို့ လုပ်သမျှအ
တွက် နောင်တမရကြသည့်အပြင် နတ်ဆိုးများကို
လည်းကောင်း၊ မျက်စိလည်းမမြင် နားနှင့်လည်းမ
ကြား မလှုပ်ရှားနိုင်သောရွှေ၊ ငွေ၊ ကြေးနီ၊ ကျောက်၊
သစ်သားတို့ဖြင့်ပြုလုပ်ထားသော ရုပ်တုတို့ကိုလည်း
၂၁။ ကောင်း၊ ကိုးကွယ်ခြင်းကိုမစွန့်လွှတ်ကြချေ။ ထို့အ
ပြင်သူတို့သည် လူသတ် မှုများ စုန်း၊ ကဝေအတတ်
များ ကိုယ်ကျင့်တရားပျက်ပြားမှုနှင့် ခိုးဝှက်မှုများအ
တွက်လည်းနောင်တမရကြချေ။

## အခန်းကြီး (၁၀)
## ကျမ်းစာလိပ်ငယ်ကိုကိုင်ဆောင်ထားသော တမန်တော်

၁။ ထို့နောက် ခွန်အားကြီးသော တမန်တော် တစ်ပါး
သည် ကောင်းကင်မှ ဆင်းလာသည်ကို ငါမြင်ရ၏။
သူသည် မိုးတိမ်ကို လွှမ်းခြုံလျက် ဦးခေါင်းပေါ်တွင်
သက်တန့်ရှိပြီး မျက်နှာမှာမူ နေမင်းကဲ့သို့လည်း
ကောင်း ခြေတော်များသည် မီးတိုင်များကဲ့သို့လည်း
ကောင်းဖြစ်၏။
၂။ သူ၏လက်ထဲတွင် ဖွင့်ထားသော ကျမ်းစာလိပ်ငယ်
လေးရှိ၏။ သူ၏လက်ျာခြေသည် ပင်လယ်ပေါ်တွင်
လည်းကောင်း လက်ဝဲခြေသည် ကုန်းမြေပေါ်တွင်
လည်းကောင်း နင်းထားလျက်ရှိ၏။
၃။ သူသည် ခြင်္သေ့မင်း ဟိန်းဟောက်သော အသံကဲ့သို့
ကျယ်သောအသံဖြင့် ဟစ်အော်လိုက်၏။သူအော်ဟစ်
လိုက်သောအခါ မိုးထစ်ချုန်းသံ ခုနစ်ချက်ထွက်ပေါ်
၄။ လာ၏။ မိုးထစ်ချုန်းသံခုနစ်ချက်ထွက်ပေါ်လာသော
အခါ ငါသည်စာရေးရန် ပြင်ဆင်လိုက်၏။ သို့သော်
ကောင်းကင်မှ ထွက်ပေါ်လာသော အသံကို ငါကြား
လိုက်ရသည်မှာ မိုးထစ်ချုန်းသံ ခုနစ်သံမှပြောသည့်
စကားများကို လျှို့ဝှက်၍ထားလော။ရေးမှတ်၍မထား
၅။ နှင့်ဟု ဆို၏။ ပင်လယ်နှင့်မြေပေါ်တွင် ရပ်နေသည်
ကိုငါမြင်ခဲ့သော တမန်တော်သည်မိမိ၏လက်ျာလက်
၆။ ကို မြှောက်ချီကာ ကာလအဆက်ဆက် အသက်ရှင်
တော်မူ၍ ကောင်းကင်နှင့် ကောင်းကင်တွင်ရှိရှိသမျှ
မြေကြီးနှင့်မြေကြီးပေါ်တွင် ရှိရှိသမျှ ပင်လယ်နှင့်ပင်
လယ်ပေါ်တွင် ရှိရှိသမျှတို့ကို ဖန်ဆင်းတော်မူသော
အရှင်အား တိုင်တည်၍ဆိုသည်ကား နှောင့်နှေးကြန့်
၇။ ကြာမှုမရှိစေရ။ သတ္တမမြောက် တမန်တော်၏တံပိုး
ခရာမှုတ်သံကို ကြားရသောနေ့ရက်တို့၌ဘုရားသခင်
သည် မိမိ၏အစေခံ ပရောဖက်တို့အား ဗျာဒိတ်ပေး
တော်မူသည့် နက်နဲဖွယ်ရာများသည် ပြည့်စုံခြင်းသို့
၈။ ရောက်လိမ့်မည်ဟု ဆို၏။ တဖန် ငါကြားခဲ့ရသော
ကောင်းကင်မှ အသံက ထပ်လောင်းပြောဆိုသည်မှာ
ပင်လယ်နှင့် ကမ္ဘာပေါ်တွင် ရပ်နေသော တမန်တော်
၏လက်ဝယ်တွင်ရှိသည့် ဖွင့်ထားသော ကျမ်းစာလိပ်
၉။ ကို သွားယူလော့ဟုဆို၏။ သို့ဖြစ်၍ ငါသည်တမန်
တော်ထံသို့သွားပြီးလျှင် ကျမ်းစာလိပ်ငယ်ကို ငါ့အား
ပေးရန် တောင်းဆို၏။ သူကလည်း ယူ၍စားလော့။
ယင်းသည် သင်၏ဝမ်းတွင်း၌ခါးစေ၍ခံတွင်း၌မူကား
ပျားရည်ကဲ့သို့ ချိုလိမ့်မည်ဟုဆို၏။
၁၀။ ငါသည် ကျမ်းစာလိပ်ငယ်ကို တမန်တော်၏လက်မှ
ယူ၍ စားလိုက်၏။ ယင်းသည်ငါ၏ခံတွင်း၌ပျားရည်
ကဲ့သို့ ချိုသော်လည်း စားပြီးသောအခါမူကား ငါ၏
ဝမ်းတွင်း၌ ခါးသည်းလာစေ၏။ တဖန် ငါ့အား
ဆိုသည်မှာ သင်သည် များစွာသောလူများ၊ တိုင်း

နိုင်ငံများ ဘာသာစကားအသီးသီး ပြောဆိုသောသူ
များနှင့် ရှင်ဘုရင်များအကြောင်းကို ဗျာဒိတ်ပေး၍
ဟောပြောရဦးမည်ဟုဆို၏။

## အခန်းကြီး (၁၁)

## သက်သေခံသောသူနှစ်ဦး

၁။ ထို့နောက် တောင်ဝှေးနှင့်တူသောတိုင်းတာသည့်ကြိမ်
တံတစ်ချောင်းကို ငါ့အားပေး၍ ဆိုသည်မှာ ထလော့
ဘုရားသင်၏ဗိမာန်တော်နှင့် ယဇ်ပလ္လင်ကို တိုင်းတာ
လော့၊ ထိုနေရာ၌ ဝတ်ပြု ကိုးကွယ်နေသော သူတို့ကို
လည်းရေတွက်လော့။
၂။ အကြောင်းမူကား ထိုနေရာကို လူမျိုးခြားတို့အတွက်
အပ်ထားသောကြောင့်ချန်လှပ်ထားလော့။သူတို့သည်
သန့်ရှင်းသော မြို့တော်ကို လေးဆယ်နှစ်လပတ်လုံး
၃။ နင်းချေကြလိမ့်မည်။ငါသည်လျှော်တေအဝတ်ကိုဝတ်
ထားသော သက်သေခံ နှစ်ဦးတို့ကို ရက်ပေါင်းတစ်
ထောင့်နှစ်ရာခြောက်ဆယ်တိတိဗျာဒိတ်ပေးရန်အခွင့်
၄။ အာဏာပေးမည်။ သူတို့သည်ကား ကမ္ဘာမြေကြီးကို
စိုးပိုင်တော်မူသော သခင်ရှေ့မှာရှိသော သံလွင်ပင်နှစ်
ပင်နှင့် မီးခွက်ခုံနှစ်စုံတို့ဖြစ်ကြ၏။
၅။ တစ်စုံတစ်ယောက်သောသူသည် သူတို့ကိုအန္တရာယ်
ပြုခဲ့လျှင် သူတို့ပါးစပ်မှမီးထွက်ပြီးသူတို့၏ရန်သူများ
ကိုလောင်ကျွမ်းလိမ့်မည်။သူတို့ကိုအန္တရာယ်ပြုသောသူ
သည်လည်း အသေသတ်ခြင်းခံရမည်သာတည်း။
၆။ သူတို့ဟောပြောသည့် နေ့ရက်များအတွင်း မိုးမရွာနိုင်
ရန်ကောင်းကင်ကိုပိတ်ထားနိုင်ရန်လည်းကောင်းရေ
ကို သွေးဖြစ်ရန်လည်းကောင်း သူတို့ အလိုရှိသည့်
အတိုင်းကမ္ဘာမြေကြီးကိုကပ်ဘေးမျိုးစုံနှင့်နှိပ်စက်နိုင်
စေရန်လည်းကောင်း အခွင့်အာဏာရထား၏။
၇။ သူတို့၏ ဟောပြောခြင်း ပြီးမြောက်သောအခါ အသူ
တစ်ရာနက်သော တွင်းကြီးထဲမှ တက်လာသော
သတ္တဝါကြီးသည် သူတို့ကို တိုက်ခိုက်အောင်မြင်ပြီး
သတ်ဖြတ်လိမ့်မည်။
၈။ သူတို့၏ အလောင်းများသည်သူတို့၏သခင်လက်ဝါး
ကပ်အတင်ခံရသော**ဆောဒုံ**နှင့်**အီဂျစ်**ဟုတင်စားခေါ်
ဝေါ်သည့် မြို့ကြီး၏ လမ်းမပေါ်တွင် စွန့်ပစ်ခံရလိမ့်
၉။ မည်။ တိုင်းနိုင်ငံ အသီးသီးရှိဘာသာစကားအမျိုးမျိုး
ပြောကြသော လူမျိုးအပေါင်းတို့သည် သူတို့၏အ
လောင်းများကို သုံးရက်ခွဲတိုင်တိုင် ကြည့်နေကြပြီး၊
သင်္ချိုင်းဂူတွင် သင်္ဂြိုလ်ရန် ငြင်းဆန်ကြလိမ့်မည်။
၁၀။ ကမ္ဘာမြေကြီးပေါ်မှာနေထိုင်ကြသောသူတို့သည်သက်
သေခံနှစ်ပါး သေဆုံးသည့်အတွက် ဝမ်းမြောက်ကြ
လျှက်လက်ဆောင်များဖလှယ်ကြပြီးပွဲကျင်းပကြလိမ့်
မည်။ အကြောင်းမူကား ဤပရောဖက်နှစ်ဦးတို့သည်
ကမ္ဘာမြေပေါ်တွင် နေထိုင်သော သူတို့အတွက် ဘေး
၁၁။ အန္တရာယ်တစ်ခု ဖြစ်သောကြောင့်တည်း။ သို့သော်
သုံးရက်ခွဲကြာသောအခါ ဘုရားထံမှ အသက်ဝိညာဉ်
သည် သူတို့ထဲမှာဝင်သဖြင့် သူတို့သည်ထကြ၍မတ်
တတ်ရပ်ကြသောအခါ မြင်သမျှသော သူအပေါင်းတို့
သည်ကြောက်ရွံ့တုန်လှုပ်ကြလေ၏။
၁၂။ ထို့နောက်သူတို့သည် ဤအရပ်သို့ တက်လာလော့ဟု
ကောင်းကင်မှလာသည့် ကျယ်လောင်သော အသံကို
ကြားရကြ၏။ ထိုအခါသူတို့သည် မိမိရန်သူများ၏
ရှေ့မှာပင်မိုးတိမ်ကိုစီးလျှက်ကောင်းကင်သို့တက်သွား
၁၃။ ကြ၏။ ထိုအချိန်နာရီ၌ပင်မြေငလျင်ပြင်းထန်စွာလှုပ်
သောကြောင့် မြို့၏ဆယ်ပုံတစ်ပုံ ပျက်စီး၍လူပေါင်း
ခုနစ်ထောင် သေဆုံးလေ၏။ ကြွင်းကျန်သောသူများ
မူကားကြောက်လန့်၍ ဘုရားသခင်၏ဘုန်းဂုဏ်တော်
ကို ချီးမွမ်းကြကုန်၏။
၁၄။ ဒုတိယဘေးဒုက္ခကြီးကုန်လွန်၍တတိယဘေးဒုက္ခကြီး
ကျရောက်မည့်ဆဲဆဲဖြစ်၏။

## သတ္တမမြောက်တံပိုးခရာ

၁၅။ သတ္တမ တမန်တော်သည်တံပိုးခရာကိုမှုတ်သောအခါ
ကောင်းကင်မှကျယ်လောင်သောအသံထွက်ပေါ်လာ
သည်ကား လောကီနိုင်ငံသည် ငါတို့အရှင်သခင်နှင့်
ကိုယ်တော်၏ခရစ်တော်ပိုင်ဆိုင်သောနိုင်ငံဖြစ်လေပြီ။
ကိုယ်တော်သည် ကာလအဆက်ဆက် အုပ်စိုးတော်မူ
၁၆။ လိမ့်မည်။ ထို့နောက်ဘုရားသခင်၏ရှေ့တော်၌မိမိတို့
ပလ္လင်များပေါ်တွင် ထိုင်နေကြသော သက်ကြီးဝါကြီး
နှစ်ဆယ့်လေးဦးတို့သည် ဘုရားသခင်ကို ပျပ်ဝပ်ရှိခိုး
၁၇။ ကြလျှက်– ဆိုကြသည်မှာ ပစ္စုပ္ပန်နှင့်အတိတ်ကာလ
တို့၌ တည်ရှိတော်မူသောအနန္တတန်ခိုးတော်ရှင်ဘုရား
သခင်၊ ကိုယ်တော်သည် ဘုန်းတန်ခိုးတော်ဖြင့် အုပ်
စိုးတော်မူသောကြောင့် ကျေးဇူးတင် ချီးမွမ်းကြပါ၏။
၁၈။ လူမျိုးအပေါင်းတို့သည် အမျက် ထွက်ကြသည်ဖြစ်၍
ကိုယ်တော်၏ အမျက်တော် သက်ရောက်ရာ ကာလ
သည်လည်းကောင်း၊ သေလွန်သူတို့ကို စီရင်တော်မူ
မည် ကာလသည်လည်းကောင်း ယခုကျရောက်လာ
လေပြီ။ ကိုယ်တော်၏အစေခံပရောဖက်များ၊သူတော်

သူမြတ်များ၊နာမတော်ကိုကြောက်ရွံ့ရိုသေသူကြီးငယ်
အပေါင်းတို့အား ဆုလာဘ် ပေးသနားတော်မူရန်နှင့်
ကမ္ဘာမြေကြီးကို ဖျက်ဆီးသူတို့ ပျက်စီးရမည့်အချိန်
၁၉။ ရောက်ရှိလာလေပြီဟူ၍တည်း။ ထိုအခါကောင်းကင်
ဘုံရှိ ဘုရားသခင်၏ ဗိမာန်တော်သည် ဖွင့်လှစ်၍
အတွင်း၌ ကိုယ်တော်၏ပဋိညာဉ်သေတ္တာတော်ကိုမြင်
ရ၏။ လျှပ်စီးလက်ခြင်း၊ ကျယ်လောင်သောအသံများ
မိုးထစ်ချုန်းသံများ၊ မြေလျှင်လှုပ်ခြင်း၊ ပြင်းထန်
သောမိုးသီးမုန်တိုင်းများကျခြင်းကိုမြင်ရ၏။

## အခန်းကြီး(၁၂)
## အမျိုးသမီးနှင့် မြွေနဂါး

၁။ ကောင်းကင်ယံ၌ ကြီးမားသော နိမိတ်လက္ခဏာပေါ်
လာ၏။ မိန်းမတစ်ယောက် နေကို ဝတ်ဆင်ထားပြီး
လကိုမြေနင့်နင်းလျက်ဦးခေါင်းပေါ်၌ကြယ်တစ်ဆယ့်
နှစ်လုံးပါသည့် သရဖူကို ဆောင်းထား၏။
၂။ သူမသည်သားဖွားအံ့ဆဲဆဲဖြစ်၍သားဖွားခြင်းဝေဒနာ
ဖြင့်အော်ဟစ်နေ၏။
၃။ ကောင်းကင်ယံ၌ အခြားသော နိမိတ်လက္ခဏာတစ်ခု
ပေါ်လာပြန်၏။ နီရဲသော နဂါးကြီးသည် ဦးခေါင်း
ခုနစ်လုံး၊ ဦးချိုဆယ်ချောင်းရှိပြီး သူ၏ဦးခေါင်းများ
ပေါ်တွင် သရဖူခုနစ်ခုကို ဆောင်းထား၏။
၄။ နဂါးကြီးသည် သားဖွားအံ့ ဆဲဆဲဖြစ်သော မိန်းမရှေ့
တွင်ရပ်လျက်သူမဖွားမြင်လတ္တံ့သော သားငယ်ကိုဝါး
၅။ မျိုးရန်စောင့်နေ၏။ ထို့နောက်သူမသည်လူမျိုးပေါင်း
တို့ကိုသံလှံတံဖြင့် အုပ်စိုးမည့် သားယောကျ်ားကိုဖွား
မြင်လေ၏။ သို့ရာတွင်သူမ၏ သားငယ်သည်ဘုရား
သခင်ထံတော်နှင့်ပလ္လင်တော်သို့ယူဆောင်ခြင်းခံရ၏၊
၆။ မိန်းမမူကားသူမအတွက်ဘုရားသခင်ပြင်ဆင်ထားရာ
အရပ်ဖြစ်သော တောကန္တာရသို့ထွက်ပြေးလေ၏။သူမ
သည် ထိုအရပ်တွင် ရက်ပေါင်း တစ်ထောင်နှစ်ရာ
ခြောက်ဆယ်တိုင်တိုင် ကျွေးမွေးပြုစုခြင်း ခံရမည်ဖြစ်
၇။ ၏။ ကောင်းကင်၌စစ်ကြီးဖြစ်လေရာ၊မိုင်ကယ်နှင့်သူ
၏တမန်တော်များသည်နဂါးကြီးကိုတိုက်ခိုက်ကြ၏။
နဂါးနှင့်သူ၏တမန်များကလည်း ပြန်လည်တိုက်ခိုက်
၈။ ကြ၏။ သို့ရာတွင် သူတို့သည် စစ်ရှုံးသောကြောင့်
ကောင်းကင်တွင်သူတို့အတွက် နေရာမရှိတော့ပေ။
၉။ ကမ္ဘာတစ်ခုလုံးကိုလှည့်စားသော၊စာတန်နတ်ဆိုးဟု
ခေါ်သော ရှေးမြွေဆိုးနဂါးကြီးသည် မိမိ၏တမန်များ
နှင့်အတူ မြေပေါ်သို့ ပစ်ချခြင်းကို ခံရလေ၏။
၁၀။ ကောင်းကင်မှ ကျယ်သောအသံကို ငါကြားရသည်မှာ
ကယ်တင်တော်မူခြင်း၊ဘုန်းတန်ခိုးတော်၊ငါတို့ဘုရား
သခင်၏ နိုင်ငံတော်နှင့် ခရစ်တော်သခင်၏အာဏာ
တော်သည်လည်းယခုရောက်လာလေပြီ။အကြောင်းမူ
ကား ငါတို့၏ ညီအစ်ကိုများကို နေ့ညမပြတ်ဘုရား
သခင်ရှေ့တော်၌စွပ်စွဲသောသူသည်ပစ်ချခြင်း ခံရလေ
၁၁။ ပြီ။ သူတို့သည် သိုးငယ်တော်၏ အသွေးတော်ဖြင့်
လည်းကောင်း၊ မိမိတို့သက်သေခံသော နှုတ်ကပတ်
တော်အားဖြင့်လည်းကောင်း၊ စာတန် နတ်ဆိုးကို
အနိုင်ရကြ၏။ အကြောင်းမူကား သူတို့သည်အသက်
စွန့်ရသည့် တိုင်အောင် မိမိတို့၏ အသက်များကို
၁၂။ မနှမြောကြချေ။ကောင်းကင်နှင့်ကောင်းကင်မှာရှိသော
သူအပေါင်းတို့ဝမ်းမြောက်ရွှင်လန်းကြလော့။သို့သော်
ဘေးဒုက္ခနော် မြေကြီးနှင့် ပင်လယ်ပြင်တို့ နတ်ဆိုး
သည်ကြီးစွာသော အမျက်ဒေါသနှင့် သင်တို့ထံသို့
ဆင်းလာလေ၏။ အကြောင်းမူကားသူ၏အချိန်သည်
တိုတောင်းလှကြောင်းကိုသူသိ၏။
၁၃။ နဂါးကြီးသည် မိမိအား မြေပေါ်သို့ ပစ်ချခြင်းခံရ
ကြောင်းကို သိမြင်သောအခါ သားယောကျ်ားဖွားမြင်
သော မိန်းမကို လိုက်ရှာလေ၏။
၁၄။ ထိုမိန်းမသည် နဂါးကြီး၏လက်မှ တောကန္တာရသို့ ပျံ
သန်းထွက်ပြေးနိုင်ရန်လင်းယုန်ကြီး၏အတောင်နှစ်ခု
ကိုပေးအပ်ခြင်းခံရ၏။ထိုအရပ်တွင်သူမသည်သုံးနှစ်
ခွဲတိုင်တိုင် ကျွေးမွေးပြုစုခြင်းခံရမည်ဖြစ်၏။
၁၅။ နဂါးကြီးသည် မိန်းမကိုရေစီးတွင်မျောပါသွားစေခြင်း
ငှါမိမိခံတွင်းမှ မြစ်ရေသဖွယ်ရေထုကြီးကို မှုတ်ထုတ်
၁၆။ လိုက်၏။ သို့သော် ကမ္ဘာမြေကြီးသည် သူမကိုအကူ
အညီပေး၏။ ကမ္ဘာမြေကြီးသည်ဖွင့်ဟ၍နဂါးကြီး၏
ခံတွင်းမှမှုတ်ထုတ်လိုက်သောမြစ်ရေကိုမျိုချလိုက်၏။
၁၇။ နဂါးကြီးသည် အမျက်ထွက်၍မိန်းမမှဆင်းသက်လာ
သောအမျိုးအနွယ်၊ ဘုရားသခင်၏ ပညတ်တော်များ
ကိုလိုက်နာသူများနှင့်**ယေရှု**သခင်ကို သက်သေခံသူ
များအားတိုက်ခိုက်ရန်ထွက်သွားလေ၏။

## အခန်းကြီး (၁၃)
## သတ္တဝါကြီးနှစ်ကောင်

၁။ ငါသည် ပင်လယ်ကမ်းခြေ သဲသောင်ပြင်ပေါ်တွင်မား
မားရပ်နေတော့၏။ ထို့နောက် ငါသည် ဦးချို ဆယ်
ချောင်းနှင့် ဦးခေါင်းခုနစ်လုံးရှိသော သတ္တဝါကြီး

တစ်ကောင် ပင်လယ်ထဲမှတက်လာသည်ကို မြင်ရ
၏။ ယင်း၏ဦးချိုများပေါ်တွင် သရဖူဆယ်ခုဆောင်း
ထား၍ဦးခေါင်းများပေါ်တွင် ဘုရားသခင်ကို ထိခိုက်
စော်ကားသော အမည်နာမပါရှိ၏။
၂။ ငါမြင်ရသော သတ္တဝါကြီးသည် ကျားသစ်နှင့်တူ၏။
ယင်း၏ခြေများကား ဝက်ဝံခြေများနှင့်တူ၍နှုတ်သည်
ခြင်္သေ့၏နှုတ်နှင့်တူ၏။ ယင်းသတ္တဝါကြီးအား နဂါး
ကြီးက မိမိ၏ခွန်အားတန်ခိုး၊ မိမိ၏ပလ္လင်နှင့်သြဇာ
အာဏာကို ပေးအပ်၏။
၃။ သတ္တဝါကြီး၏ ဦးခေါင်း တစ်လုံးပေါ်တွင် သေနိုင်
လောက်သော ဒဏ်တစ်ခုရှိဟန်တူ၏။ သို့သော် ထို
သေလောက်သော ဒဏ်ရာသည် ပျောက်ကင်းသွား
သဖြင့် တစ်ကမ္ဘာလုံးသည် အံ့သြစွာ သတ္တဝါကြီး
၄။ နောက်သို့လိုက်ကြလေ၏။ နဂါးသည် သတ္တဝါကြီး
အားမိမိ၏ သြဇာအာဏာကို ပေးသည့်အတွက်လူတို့
သည် နဂါးကြီးကို ကိုးကွယ်ကြ၏။ ထို့နောက်သူတို့
သည် သတ္တဝါကြီးကိုလည်း ကိုးကွယ်ကြလျက်၊
သတ္တဝါကြီးနှင့်မည်သူတုနိုင်မည်နည်း။သူ့ကိုမည်သူ
ယှဉ်ပြိုင်တိုက်ခိုက်နိုင်မည်နည်းဟု ဆိုကြ၏။
၅။ သတ္တဝါကြီးသည် ဘုရားသခင်အား ထိခိုက်စော်ကား
သောစကားများကို မောက်မာစွာ ရေရွတ်ပြောဆိုနိုင်
သောနှုတ်ကို ရရှိထား၏။ လေးဆယ်နှစ်လပတ်လုံး
သြဇာအာဏာသုံးရန် သတ္တဝါကြီးကို အခွင့်ပြုထား
၆။ လေ၏။ သတ္တဝါကြီးသည် နှုတ်ကိုဖွင့်၍ဘုရားသခင်
အားထိခိုက်စော်ကားသောစကားများကို ပြောဆိုလေ
၏။ ကိုယ်တော်၏နာမတော်ကိုယ်တော်စံပယ်ရာဌာန
နှင့်ကောင်းကင်တွင် နေထိုင်သူတို့အားစော်ကားပြော
၇။ ဆိုလေ၏။ သန့်ရှင်းသူတို့ကို တိုက်ခိုက်နှိမ်နင်းရန်
ယင်းအား အခွင့်ပြုထား၏။ တိုင်းနိုင်ငံအသီးသီးတွင်
သာသာစကားအမျိုးမျိုးကိုပြောဆိုကြသောလူမျိုးနွယ်
အပေါင်းတို့အား အုပ်ချုပ်ရန် အာဏာကိုလည်း ပေး
၈။ အပ်ထား၏။ သတ်ဖြတ် ပူဇော်ခြင်းခံရသောသိုးငယ်
တော်၏အသက်မှတ်တမ်းစာအုပ်တွင် ကမ္ဘာမတည်မီ
ကပင် စာရင်းဝင် မထားသောသူ ကမ္ဘာသူကမ္ဘာသား
အားလုံးတို့သည် သတ္တဝါကြီးကို ရှိခိုးကိုးကွယ်ကြ
၉။ လိမ့်မည်။ နားရှိသောသူသည် ဤစကားတို့ကိုကြား
၁၀။ ပါစေ။ဖမ်းဆီးချုပ်နှောင်ခြင်းခံရမည့်သူမှန်သမျှသည်
အကျဉ်းထောင်သို့သွားရမည်ဖြစ်၏။ ဓါးကိုစွဲကိုင်၍
သုတ်သင် သတ်ဖြတ်သူမှန်သမျှသည် ဓါးဖြင့်သတ်
ဖြတ်ခြင်းခံရမည်သာတည်း။ ဤသည်ကားသန့်ရှင်း
သူတို့အား သည်းခံခြင်းနှင့် ယုံကြည်ခြင်းကို ကျင့်
ဆောက်တည်ရန် ဖိတ်ခေါ်ခြင်းပင်ဖြစ်၏။
၁၁။ ထို့နောက်ငါသည် မြေကြီးထဲမှ ထွက်ပေါ်လာသော
အခြားသတ္တဝါကြီးတစ်ကောင်ကိုမြင်ရ၏။ယင်းသည်
သိုးငယ်ကဲ့သို့ ဦးချိုနှစ်ချောင်းရှိ၍ နဂါးကဲ့သို့စကား
၁၂။ ပြော၏။ ဒုတိယသတ္တဝါကြီးသည် ပဌမသတ္တဝါကြီး
၏သြဇာအာဏာအားလုံးကို ယင်း၏ရှေ့မျက်မှောက်
တွင် အသုံးချလေ၏။ကမ္ဘာနှင့်ကမ္ဘာပေါ်ရှိလူအားလုံး
တို့အားလည်း သေလောက်သောဒဏ်ရာပျောက်ကင်း
ခဲ့သည့် ပထမသတ္တဝါကြီးကို ရှိခိုးကိုးကွယ်စေ၏။
၁၃။ ဒုတိယ သတ္တဝါကြီးသည် ကြီးကျယ်သော နိမိတ်
လက္ခဏာများကို ပြုလုပ်၏။ ကောင်းကင်မှမြေကြီး
ပေါ်သို့မီးကျလာစေသည်အထိ လူတို့ရှေ့မှာပြုလုပ်နိုင်
၁၄။ ၏။ ယင်းသည်ပထမသတ္တဝါကြီး၏ရှေ့မျက်မှောက်
တွင်ပြုလုပ်ခွင့်ရသော နိမိတ်လက္ခဏာများဖြင့် ကမ္ဘာ
သူ ကမ္ဘာသားတို့ကို လှည့်ဖြား၏။ ဓါးဒဏ်ရာရပြီး
မသေဘဲအသက်ရှင်နေသော သတ္တဝါကြီး၏ရုပ်တုကို
ပြုလုပ်ရန်လည်း စေခိုင်းခဲ့၏။
၁၅။ ယင်းသည် သတ္တဝါကြီး၏ရုပ်တုကိုအသက်မှုတ်သွင်း
ခြင်းဖြင့်စကားပြောစေနိုင်သည့်အပြင်သတ္တဝါကြီး၏
ရုပ်တုကိုရှိခိုးကိုးကွယ်ခြင်း မပြုသော သူတို့ကိုလည်း
၁၆။ သတ်ဖြတ်ရန် အခွင့်ရထား၏။ ယင်းသည်ကြီးငယ်
မရွေး ဆင်းရဲချမ်းသာမရွေး၊ သခင်နှင့်ကျွန်ဟူ၍မရွေး
ဘဲသူတို့အားလုံး၏ လက်ျာလက် သို့မဟုတ်နဖူးပေါ်
တွင်အမှတ်တံဆိပ်ခတ်နှိပ်စေ၏။
၁၇။ ဤသို့ဖြင့် သတ္တဝါကြီး၏ အမည်သို့မဟုတ် ယင်း
အမည်၏ ကိန်းဂဏာန်းအမှတ်အသားမပါဘဲမည်သူ
မျှရောင်းဝယ်ခြင်းမပြုနိုင်ရန်ပင်ဖြစ်၏။
၁၈။ ဤတွင်ပညာသားပါရန်လို၏။နားလည်သိရှိနိုင်သော
သူသည် သတ္တဝါကြီး၏ကိန်းဂဏာန်းကို ရေတွက်ပါ
စေ။ အကြောင်းမူကား ကိန်းဂဏာန်းသည် လူတစ်
ယောက်ကို ကိုယ်စားပြု၍ ယင်းကိန်းဂဏာန်းသည်
ခြောက်ရာခြောက်ဆယ်ခြောက်ဖြစ်၏။

## အခန်းကြီး (၁၄)
## သိုးငယ်တော်နှင့် ကိုယ်တော်၏လူမျိုးတော်

၁။ ထို့နောက်ငါကြည့်လိုက်သောအခါ **ဇီအုန်**တောင်ပေါ်
တွင် သိုးငယ်တော်ကိုမြင်ရ၏။သိုးငယ်တော်နှင့်အတူ
မိမိ၏နာမနှင့်ခမည်းတော်၏နာမတော်ကို သူတို့နဖူး
များပေါ်တွင် ရေးမှတ်ထားသော လူပေါင်းတစ်သိန်း

လေးသောင်းလေးထောင်တို့ကို ငါတွေ့မြင်ရ၏။
၂။ ရေများစီးဆင်းနေသော အသံကိုလည်းကောင်း၊ကျယ်
လောင်သောမိုးထစ်ချုန်းသံနှင့်လည်းကောင်းတူသော
အသံကို ငါကြားရ၏။ ငါကြားရသော အသံကား
စောင်းသမားများတီးခတ်သောအသံနှင့်တူ၏။
၃။ သူတို့သည် ပလ္လင်တော်ရှေ့၊ သက်ရှိသတ္တဝါလေးဦး
တို့ရှေ့နှင့်သက်ကြီးဝါကြီးတို့ရှေ့မှောက်တွင် သီချင်း
သစ်ကိုသီဆိုကြ၏။ ကမ္ဘာမြေပေါ်မှ ကယ်တင်ခြင်းခံ
ထားရသူတစ်သိန်း၊ လေးသောင်း လေးထောင်မှအပ
မည်သူမျှထိုသီချင်းကို မသင်ယူနိုင်ကြပေ။
၄။ ထိုသူတို့သည် မိန်းမများနှင့်ပြစ်မှားကျူးလွန်မှုမရှိဘဲ
စင်ကြယ်သူများ၊ သိုးငယ်တော် သွားလေရာအရပ်သို့
လိုက်သောသူများ၊ သိုးငယ်တော်နှင့် ဘုရားသခင်
အတွက် သီးဦး သီးဖျားများအဖြစ် လူသားတို့အထဲမှ
ရွေးနုတ်ခြင်းခံထားရသောသူများဖြစ်ကြ၏။
၅။ သူတို့သည် အပြစ်အနာအဆာ ကင်းသောသူများဖြစ်
ကြသောကြောင့် သူတို့၏ နှုတ်သည် လိမ်လည်မှုနှင့်
ကင်း၏။

## ကောင်းကင်တမန်တော်သုံးပါး၏သတင်းစကား

၆။ ထို့နောက် ကမ္ဘာပေါ်တွင် နေထိုင်သောသူများ၊ တိုင်း
နိုင်ငံများ၊ ဘာသာစကား အမျိုးမျိုးပြောသောသူများ
နှင့်လူမျိုးစုအသီးသီးတို့အား ထာဝရတည်မည့်ဧဝံဂေ
လိသတင်းကောင်းကို ဟောပြောရန် ကောင်းကင်အ
လယ်တွင် ပျံသန်းနေသည့်အခြားသော တမန်တော်
၇။ တစ်ပါးကို ငါမြင်ရ၏။ထိုကောင်းကင်တမန်တော်က
ကျယ်လောင်သောအသံနှင့်ကြွေးကြော်သည်မှာဘုရား
သခင်ကိုကြောက်ရွံ့ကြလော့။ကိုယ်တော်၏ဂုဏ်တော်
ကိုချီးမွမ်းကြလော့၊ အကြောင်းမူကားကိုယ်တော်စီရင်
ဆုံးဖြတ်အံ့သော အချိန်နာရီကျရောက်လာပြီ။ကောင်း
ကင်နှင့်မြေကြီး၊ ပင်လယ်နှင့် စမ်းရေအိုင်တို့ကို ဖန်
ဆင်းတော်မူသော ကိုယ်တော်အား ရှိခိုးကိုးကွယ်ကြ
၈။ ကုန်လော့ဟူ၍တည်း။ဒုတိယကောင်းကင်တမန်တော်
ပေါ်လာ၍ဆိုသည်မှာ ကြီးကျယ်သော **ဗာဗီလုန်**မြို့
တော်ကြီးကျဆုံးလေပြီ၊ ကျဆုံးလေပြီ။ သူမသည်
တိုင်းနိုင်ငံရှိသမျှတို့အား သူမ၏မစင်ကြယ်သောဆန္ဒ
ရမက်များတည်းဟူသော စပျစ်ရည်ကို သောက်သုံး
၉။ မူးရစ်စေခဲ့သည်ဟုဆို၏။ တတိယကောင်းကင်တမန်
တော်ပေါ်လာ၍ ကျယ်လောင်သော အသံဖြင့်ဆိုသည်
မှာ သတ္တဝါကြီးနှင့် မိမိရုပ်တုကို ကိုးကွယ်ပြီး လက်
ပေါ်သို့မဟုတ် နဖူးပေါ်မှာ အမှတ်တံဆိပ် ရှိသောသူ
၁၀။ တိုင်းသည်။ ဘုရားသခင်၏အမျက်တော်ဖလားထဲသို့
လောင်းထည့်ထားသည့် ပြင်းထန်သော ဒေါသ သန့်
ရှင်းသော စပျစ်ရည်ကို သောက်ရလိမ့်မည်။ သူသည်
တမန်တော်များနှင့်သိုးငယ်တော်၏ ရှေ့မှောက်တော်
တွင်မီးနှင့်လည်းကောင်း၊ကန့်ရေမီးနှင့်လည်းကောင်း
ညှင်းပန်းနှိပ်စက်ခြင်းကို ခံရလိမ့်မည်။
၁၁။ သူတို့ကိုရှို့ရာမှထွက်လာသောမီးမှမီးခိုးသည်ထာဝစဉ်
အထက်သို့တက်လေ၏။ သတ္တဝါကြီးနှင့်ယင်း၏ရုပ်
တုကိုကိုးကွယ်၍သူ၏အမည်နာမတံဆိပ်ကိုရရှိထား
သောသူတို့သည် နေ့ညမပြတ်သက်သာရာရကြလိမ့်
၁၂။ မည်မဟုတ်ဟူ၍ဖြစ်၏။ ဤသည်ကား သခင်**ယေရှု**
၌ ယုံကြည်ခြင်းနှင့် ဘုရားသခင်၏ပညတ်တော်များ
ကိုစောင့်ထိန်းသောသူတော်သူမြတ်တို့အတွက်သည်း
ခံခြင်းရှိရန် ဖိတ်ခေါ်ခြင်းပေတည်း။
၁၃။ ထို့နောက် ငါသည်ကောင်းကင်မှအသံတစ်ခုကိုကြား
ရသည်မှာ ဤသို့ရေးသားလော့။ ယခုမှစ၍ သခင်
ဘုရား၌သေသောသူတို့သည်မင်္ဂလာရှိကြ၏ဟူ၍ဖြစ်
ပြီး ဝိညာဉ်တော်ဘုရားကလည်း မင်္ဂလာရှိသည်မှန်
ပေ၏။ သူတို့၏ကောင်းမှုများသည်သူတို့နှင့်အတူပါ
လာသောကြောင့် ဆင်းရဲပင်ပန်းစွာလုပ်ဆောင်ခြင်းမှ
အနားယူနိုင်ကြပေမည်ဟူ၍တည်း။

## ကမ္ဘာမြေကြီး၏အသီးအနှံများကိုရိတ်သိမ်းခြင်း

၁၄။ ထို့နောက် ငါကြည့်လိုက်သောအခါ အဖြူရောင်တိမ်
တိုက်တစ်ခုကို တွေ့ရ၏။ တိမ်တိုက်ပေါ်တွင်လူသား
နှင့်တူသော သူတစ်ဦးသည် ထိုင်နေလျှက်သူ၏ဦး
ခေါင်းပေါ်တွင် ရွှေသရဖူကိုဆောင်းကာ သူ၏လက်
တွင် ထက်သောတံစဉ်တစ်လက်ကို ကိုင်ထား၏။
၁၅။ ထို့နောက် အခြားကောင်းကင် တမန်တော်တစ်ပါး
သည်ဗိမာန်တော်အတွင်းမှ ထွက်လာ၍တိမ်တိုက်ပေါ်
တွင်ထိုင်နေသော သူထံသို့ ကျယ်လောင်သောအသံ
ဖြင့် ဟစ်အော်သည်မှာသင်၏တံစဉ်ကိုယူ၍ရိတ်သိမ်း
ပါလော့။ အကြောင်းမူကား ကမ္ဘာမြေကြီး၏အသီးအ
နှံတို့သည် မှည့်ရွှမ်းနေပြီဖြစ်၍ ရိတ်သိမ်းရန်အချိန်
၁၆။ တန်လေပြီဟု ဆို၏။ သို့ဖြစ်၍တိမ်တိုက်ပေါ်တွင်
ထိုင်နေသောသူသည် ကမ္ဘာမြေပေါ်တွင် မိမိ၏တံစဉ်
ကိုဝှေ့ရမ်းကာ ကမ္ဘာမြေကြီး၏အသီးအနှံများကိုရိတ်

၁၇။ သိမ်းလေ၏။ ထို့နောက် အခြားကောင်းကင်တမန်
တော်တစ်ပါးသည် ကောင်းကင်ရှိ ဗိမာန်တော်မှထွက်
လာ၏။ သူ့ထံတွင်လည်းထက်သောတံစဉ်တစ်လက်
၁၈။ ရှိ၏။ ထို့နောက် မီးကို အစိုးရသောအခြားကောင်း
ကင်တမန်တော်တစ်ပါးသည် ပလ္လင်တော်မှထွက်လာ
၍ တံစဉ်ကိုင်ထားသောတမန်တော်အား ကျယ်သော
အသံနှင့်ပြောသည်မှာ သင်၏တံစဉ်ကိုယူ၍ကမ္ဘာမြေ
ပေါ်မှစပျစ်ခိုင်များကို ရိတ်သိမ်းလော့။ အကြောင်းမူ
ကား စပျစ်သီးတို့သည် မှည့်ရွမ်းနေပြီဟုဆို၏။
၁၉။ သို့ဖြစ်၍ ကောင်းကင်တမန်တော်သည် မိမိ၏တံစဉ်
ကိုဝှေ့ရမ်းကား ကမ္ဘာမြေကြီးမှ စပျစ်သီးများကိုရိတ်
သိမ်းပြီးနောက် ဘုရားသခင်၏ အမျက်တော်တည်း
ဟူသော စပျစ်ရည်ကြိတ်စက်ထဲပစ်ချလိုက်လေ၏။
၂၀။ မြို့၏အပြင်ဖက်ရှိ စပျစ်ရည်ကြိတ်စက်တွင် ကြိတ်
လိုက်သောအခါ တာပေါင်း တစ်ထောင်ခြောက်ရာအ
ကျယ်အဝန်းအတွင်း ထွက်လာသော သွေးများသည်
မြင်း၏ပါးချပ်ကြိုးကိုထိသည့်တိုင်အောင်မြင့်၏။

## အခန်းကြီး (၁၅)

## နောက်ဆုံးဘေးဒုက္ခများကိုယူဆောင်လာသော ကောင်းကင်တမန်များ

၁။ ထို့နောက် ကောင်းကင်၌ကြီးမား၍အံ့ဩဖွယ်ကောင်း
သောနိမိတ်လက္ခဏာတစ်ရပ်ကို ငါမြင်ရ၏။ ဘုရား
သခင်၏ အမျက်တော်ကို အဆုံးသတ်စေမည့်နောက်
ဆုံးဘေးဒုက္ခကြီးခုနစ်ခုကိုကောင်းကင်တမန်ခုနစ်ပါး
၂။ နှင့်အတူတွေ့ရ၏။ ငါသည်မီးနှင့်ရောနေသည့်ဖန်ရေ
ပြင်ကြီးတစ်ခုကိုတွေ့ရ၏။ သတ္တဝါကြီးနှင့်ယင်း၏
ရုပ်တု ယင်း၏အမည်နာမကိန်းဂဏန်းကိုအောင်နိုင်
သော သူတို့သည်မိမိတို့လက်ထဲတွင်ဘုရားသခင်၏
စောင်းတော်များကို ကိုင်ဆောင်ထားကြ၍ ဖန်ရေပြင်
၃။ ၏အနားမှာရပ်နေကြ၏။ ဘုရားသခင်၏အစေခံဖြစ်
သူ**မိုးဇက်**နှင့် သိုးငယ်တော်၏သီချင်းကိုသီဆိုကြ
သည်ကား အို အနန္တ တန်ခိုးတော်ရှင်သခင်ဘုရား၊
ကိုယ်တော်၏ ဆောင်ရွက်ချက်များသည် မြင့်မြတ်၍
အံ့ဩဖွယ်ကောင်းလှပေ၏။ ကာလအဆက်ဆက်အုပ်
စိုးတော်မူသော အို ဘုရင်မင်းမြတ် ကိုယ်တော်၏
၄။ လမ်းစဉ်များသည်ဖြောင့်မတ်မှန်ကန်လှပေ၏။ အို
သခင် ကိုယ်တော်၏နာမတော်ကို ဂုဏ်မပြုမကြောက်
ရွံ့ဘဲမည်သူ နေနိုင်ပါမည်နည်း။ အကြောင်းမူကား
ကိုယ်တော်တစ်ပါးတည်းသာလျှင် သန့်ရှင်းမွန်မြတ်
တော်မူ၏။ ကိုယ်တော်၏တရားစီရင်ခြင်းတို့သည်
ထင်ရှားလာသဖြင့် လူမျိုးအပေါင်းတို့သည် ကိုယ်
၅။ တော်ထံလာ၍ ရှိခိုးကိုးကွယ်ကြပါလိမ့်မည်ယူ၍ဖြစ်
၏။ ထို့နောက်ငါကြည့်လိုက်သောအခါ ကောင်းကင်
ရှိပဋိညာဉ်တဲတော်တည်ရာဗိမာန်တော် ပွင့်၍လာ၏။
၆။ ဗိမာန်တော်အတွင်းမှ ဘေးဒုက္ခကြီးခုနစ်ပါးကို အစိုး
ရသော ကောင်းကင်တမန်ခုနစ်ပါးတို့သည်တောက်ပ
ဖြူစင်သောအဝတ်တန်ဆာနှင့် သူတို့၏ရင်ဘတ်များ
၇။ တွင်ရွှေစလွယ်များသိုင်း၍ ထွက်လာကြ၏။ သက်ရှိ
သတ္တဝါကြီးလေးပါးအနက်မှတစ်ပါးသည် ကာလအ
ဆက်ဆက်အသက်ရှင်တော်မူသော ဘုရား၏အမျက်
တော်နှင့်မည်သည့် ဖလားခုနစ်လုံးကို ကောင်းကင်
၈။ တမန်တော်ခုနစ်ပါးအားပေးလိုက်၏။ ဗိမာန်တော်
သည်ဘုရားသခင်၏ ဘုန်းဂုဏ်တော်နှင့်တန်ခိုးအရှိန်
အဝါမှထွက်ပေါ်လာ သည့်မီးခိုးများနှင့် ပြည့်နေရာ
ကောင်းကင်တမန်တော်ခုနစ်ပါး၏ ဘေးဒုက္ခကြီးပြီး
ဆုံးသည့်အချိန်အထိ မည်သူမျှ ဗိမာန်တော်ထဲသို့
မဝင်နိုင်ကြချေ။

## အခန်းကြီး (၁၆)

## ဘုရားသခင်၏အမျက်တော်ဖလားများ

၁။ ထို့နောက် ဗိမာန်တော်ထဲမှကျယ်သောအသံဖြင့်တမန်
တော်ခုနစ်ပါးအား အမိန့်ပေးသည်ကို ငါကြားရသည်
မှာသွားကြလော့။ ဘုရားသခင်၏အမျက်တော်ဖလား
များကို ကမ္ဘာမြေကြီးပေါ်သို့သွန်ချကြလော့ဟုဆို၏။
၂။ ပထမတမန်တော်သည်သွား၍ သူ၏ဖလားကို ကမ္ဘာ
မြေကြီးပေါ်သို့လောင်းချလိုက်သောအခါသတ္တဝါကြီး
၏အမှတ်တံဆိပ်ကို ဆောင်သောသူများနှင့် ယင်း၏
ရုပ်တုကိုရှိခိုးကိုးကွယ်သောသူများအပေါ်တွင်အနံ့ဆိုး
နှင့်အနာစိမ်းများဖြစ်ပေါ်လာ၏။
၃။ ဒုတိယ တမန်တော်သည် သူ၏ဖလားကိုပင်လယ်ထဲ
သို့ သွန်ချလိုက်သောအခါ ပင်လယ်ရေသည် လူသေ
၏သွေးကဲ့သို့ဖြစ်လာ၏။ ပင်လယ်တွင်ရှိသော သက်
ရှိသတ္တဝါအားလုံးသေဆုံးကြကုန်၏။
၄။ တတိယ တမန်တော်သည် သူ၏ဖလားကိုမြစ်များနှင့်
စမ်းချောင်းများအတွင်းသို့ သွန်ချလိုက်သောအခါရေ
၅။ များသည် သွေးဖြစ်သွား၏။ ရေကို စောင့်ထိန်းသော
တမန်တော်ဆိုသည်ကို ငါကြားရသည်မှာ ပစ္စုပ္ပန်
နှင့် အတိတ်ကာလတို့တွင် အစဉ်တည်ရှိတော်မူသည်

သန့်ရှင်းမြင့်မြတ်တော်မူသောအရှင်ဘုရားကိုယ်တော်
သည်ဤတရားစီရင်ချက်တို့၌ဖြောင့်မတ်မှန်ကန်တော်
၆။ မူပေ၏။ အကြောင်းမူကား လူတို့သည် သူတော်သူ
မြတ်များနှင့် ပရောဖက်တို့၏သွေးကို သွန်ချခဲ့ကြ
သဖြင့်ကိုယ်တော်သည် ထိုလူများသောက်ရန်သွေးကို
ပေးလေသည်။ဤသည်ကားသူတို့နှင့်ထိုက်တန်သော
၇။ အပြစ်ပေတည်းဟုဆို၏။ ထို့နောက် ယဇ်ပလ္လင်တော်
မှကြွေကြော်သံကို ငါကြားရသည်မှာ မှန်ပါ၏။
အနန္တ တန်ခိုးတော်ရှင် သခင်ဘုရား၊ ကိုယ်တော်၏
တရား စီရင်ချက်များသည် မှန်ကန်၍ တရားမျှတပါ
၈။ ပေသည်ဟုဆို၏။ စတုတ္ထတမန်တော်သည် သူ၏
ဖလားကို နေပေါ်သို့ သွန်ချသဖြင့် နေသည်လူတို့ကို
မီးအပူရှိန်ဖြင့် လောင်စေနိုင်သောအခွင့်ကိုရ၏။
၉။ လူတို့သည် ပြင်းထန်သောပူလောင်ခြင်းဒဏ်ကိုခံစား
ရသောကြောင့် ဤဘေးဒုက္ခတို့ကိုအစိုးရတော်မူသော
ဘုရားသခင်၏နာမတော်ကိုကျိန်ဆဲကြ၏။ဂုဏ်တော်
ကိုမချီးမွမ်း၊ နောင်တလည်းမရကြဖြစ်ကုန်၏။
၁၀။ ပဥ္စမတမန်တော်သည် သူ၏ဖလားကိုသတ္တဝါကြီး၏
ပလ္လင်ပေါ်သို့ သွန်ချလိုက်သောအခါ ယင်း၏ နိုင်ငံ
သည် အမှောင်အတိဖြစ်သွား၏။ လူတို့သည်ဝေဒနာ
ပြင်းထန်စွာ ခံစားရသောကြောင့် မိမိတို့၏လျှာကို
၁၁။ ကိုက်ကြ၏။ သူတို့သည် မိမိတို့ခံစားရသောဝေဒနာ
နှင့် အနာစိမ်းများကြောင့် ကောင်းကင်ဘုံရှင်ဘုရား
သခင်ကို ကျိန်ဆဲကြ၏။ မိမိတို့ပြုခဲ့သမျှသောအပြစ်
၁၂။ ဒုစရိုက်အတွက် နောင်တမရကြ။ ဆဋ္ဌမ တမန်တော်
သည် မိမိဖလားကို **ယူဖရိတ်တီး**မြစ်ကြီးပေါ်သို့သွန်
ချလိုက်သောအခါ အရှေ့တိုင်းပြည်များမှ ဘုရင်များ
အတွက်လမ်းဖွင့်ပေးရန်မြစ်ရေသည် ခမ်းခြောက်သွား
၁၃။ လေ၏။ထို့နောက်နဂါးကြီး၏ခံတွင်းမှလည်းကောင်း
သတ္တဝါကြီး၏ခံတွင်းမှလည်းကောင်းဖားနှင့်တူသည်
ညစ်ညူးသော နတ်ဆိုးသုံးကောင် ထွက်လာသည်ကို
ငါမြင်ရ၏။
၁၄။ အကြောင်းမူကား သူတို့သည် မိစ္ဆာနတ်ဆိုးများဖြစ်
ကြပြီးနိမိတ်လက္ခဏာများကို ပြသကာ အနန္တတန်ခိုး
တော်ရှင်ဘုရားသခင်၏ နေ့တော်၌ စစ်ခင်းရန်ကမ္ဘာ
အရပ်ရပ်ရှိ ဘုရင်များထံသို့သွား၍ စည်းရုံးကြ၏။
၁၅။ ကြည့်လော့၊ ငါသည်သူခိုးကဲ့သို့ လာမည်။ သို့ဖြစ်၍
အဝတ်အချည်းစည်းနှင့်သွားလာ၍ လူတို့၏ရှေ့၌ အ
ရှက်မရစေရန်မိမိအဝတ်များကိုဝတ်ဆင်လျက်နိုးကြား
စွာစောင့်နေသောသူသည်မင်္ဂလာရှိ၏။
၁၆။ ထို့နောက် နတ်ဆိုးတို့သည် ဘုရင်တို့အား **ဟေဗြူး**
ဘာသာစကားဖြင့်**အာမဂတ်ဒွန်**ဟု ခေါ်သောအရပ်၌
၁၇။ စုဝေးစေကြ၏။ သတ္တမတမန်တော်သည်သူ၏ဖလား
ကိုလေထဲသို့ သွန်ချလိုက်သည်နှင့် ဗိမာန်တော်နှင့်
ပလ္လင်တော်မှကျယ်လောင်သောအသံတစ်ခုထွက်ပေါ်
လာ၍ ဆိုသည်မှာ အမှုအားလုံး ပြီးဆုံးလေပြီဟူ၍
၁၈။ တည်း။ ထိုအခါ လျှပ်စီးလက်ခြင်း၊ ကျယ်လောင်
သောအသံများထွက်ပေါ်လာခြင်း၊ မိုးထစ်ချုန်းခြင်းနှင့်
ပြင်းထန်သော ငလျင်လှုပ်ခြင်းဖြစ်လေ၏။ ဤမျှပြင်း
ထန်သောငလျင်လှုပ်ခြင်းကို လူ့သမိုင်းတွင်တစ်ခါမျှ
၁၉။ မကြုံစဖူးချေ။ မြို့တော်ကြီးသည် သုံးပိုင်းကွဲသွား၍
တိုင်းနိုင်ငံများ၏ မြို့တော်တို့သည်လည်း ပျက်စီးကြ
ကုန်၏။ဘုရားသခင်သည်**ဘာဘီလွန်**မြို့ကြီးကိုသတိ
ရတော်မူလျက်မိမိ၏ပြင်းထန်သောအမျက်တော်ဖလား
ကိုကုန်စေအောင်သောက်စေတော်မူ၏။
၂၀။ ကျွန်းရှိသမျှတို့သည် ပျောက်လွင့်သွားကြပြီး တောင်
တန်းများကိုလည်း မတွေ့ရှိနိုင်တော့ပေ။
၂၁။ ပေါင်ချိန် တစ်ရာကျော်ခန့်လေးသော မိုးသီးကြီးများ
သည် လူတို့အပေါ်သို့ ကောင်းကင်မှ ကျလာ၏။ ထို
ဘေးဒုက္ခကြီးသည် ဆိုးရွား ပြင်းထန်လွန်းလှသော
ကြောင့် လူတို့သည် ဘုရားသခင်ကို ထိခိုက်ကျိန်ဆဲ
ကြကုန်၏။

## အခန်းကြီး (၁၇)
## မကောင်းမှုနှင့်ပြည့်နှက်နေသော
## ဘာဘီလွန်မြို့တော်ကြီး

၁။ ဖလားခုနစ်လုံး ကိုင်ထားသည့် တမန်တော် ခုနစ်ပါး
အနက်တစ်ပါးသည်ငါ့အားပြောသည်မှာ လာလော့။
ရေများပေါ်တွင်ထိုင်လျက်ရှိသော ပြည့်တန်ဆာမကြီး
ခံရမည့် စီရင်ချက်ကို ငါပြမည်။
၂။ ကမ္ဘာပေါ်ရှိ ဘုရင်များသည် သူမနှင့် မတရားသော
မေထုန် မှီဝဲခြင်းကို ကျူးလွန်ကြပြီ။ မြေကြီးသား
အပေါင်းတို့သည် သူမ၏မတရား မေထုန်မှီဝဲခြင်းဟူ
သော စပျစ်ရည်၌ ယဇ်မူးကြပြီဟုဆို၏။
၃။ ထို့နောက်တမန်တော်သည်ဝိညာဉ်တော်အားဖြင့်ငါ့ကို
တောကန္တာရထဲသို့ခေါ်ဆောင်သွားရာအနီရောင်ရှိသော
သတ္တဝါ တစ်ကောင်ပေါ်တွင် ထိုင်နေသောမိန်းမတစ်
ယောက်ကို ငါမြင်ရ၏။ ထိုသတ္တဝါ၌ဘုရားသခင်ကို
ထိခိုက်စော်ကားသည့်အမည်နာမများဖြင့်ပြည့်နှက်နေ
ပြီးဦးခေါင်းခုနစ်လုံးနှင့်ဦးချိုဆယ်ချောင်းလည်းရှိ၏။

၄။ ထိုမိန်းမသည်ခရမ်းရောင်နှင့်အနီရောင်အဝတ်များကို
ဝတ်ဆင်လျှက် ရွှေ၊ ကျောက်မြတ်ရတနာနှင့်ပုလဲတန်
ဆာတို့ကို ဆင်မြန်းထား၏။သူမ၏လက်ထဲတွင်စက်
ဆုပ် ရွံရှာဖွယ်ရာများနှင့် ညစ်ညမ်းသော မေထုန်မှီဝဲ
ခြင်းများဖြင့် ပြည့်နေသော ရွှေခွက်ကို ကိုင်ဆောင်
၅။ ထား၏။ သူမ၏နဖူးပေါ်တွင် နက်နဲဖွယ်သောအမည်
နာမကို ရေးထိုးထားသည်ကား ပြည့်တန်ဆာတို့နှင့်
ကမ္ဘာပေါ်ရှိညစ်ညမ်းစက်ဆုပ်ဖွယ်ရာများတို့၏ မိခင်
မဟာ**ဘာဘီလွန်**မြို့တော်ကြီး ဟူ၍တည်း။
၆။ ထိုမိန်းမသည် သူတော်သူမြတ်များ၏ အသွေး၊
**ယေရှု**သခင်၏ဓမ္မအာဇာနည်များ၏အသွေးနှင့် ယဇ်
မူးနေသည်ကို ငါမြင်ရ၏။ သူမကိုငါမြင်ရသောအခါ
၇။ ငါသည်လွန်စွာအံ့ဩမိ၏။ သို့သော်တမန်တော်ကငါ့
အားဆိုသည်မှာ အဘယ်ကြောင့် အံ့ဩရသနည်း။
ထိုမိန်းမနှင့်သူမကို တင်ဆောင်ထားသောဦးခေါင်း ၇
လုံး၊ ဦးချို ၁၀ ချောင်းပါရှိသည့်သတ္တဝါတို့၏အနက်
၈။ အဓိပ္ပါယ်ကို ငါပြောမည်။ သင်မြင်ခဲ့ရသော သတ္တဝါ
ကြီးသည် ယခင်ကရှိခဲ့သော်လည်း ယခုမရှိတော့ချေ။
ယင်းသည် အသူတစ်ရာနက်ရှိုင်းသော တွင်းကြီးထဲမှ
တက်လာပြီးလျှင် ပျက်စီးခြင်းသို့ ရောက်ရလိမ့်မည်။
ကမ္ဘာတည်စကပင် အသက်မှတ်တမ်းစာအုပ်၌အမည်
စာရင်းမဝင်ထားသော မြေကြီးသားတို့သည် သတ္တဝါ
ကြီးကို မြင်သောအခါ အံ့ဩကြလိမ့်မည်။အကြောင်း
မူကား သတ္တဝါကြီးသည် ယခင်ကရှိခဲ့ပြီး ယခုမရှိ
တော့ချေ။ သို့သော်ပြန်လာဦးမည်ဖြစ်၏။
၉။ ဤတွင် ပညာသားပါရန်လို၏။ ဦးခေါင်းခုနစ်လုံး
သည်ကား ထိုမိန်းမထိုင်နေသော တောင်းခုနစ်လုံးပင်
၁၀။ ဖြစ်၏။ ရှင်ဘုရင်ခုနစ်ပါးလည်းဖြစ်၏။ထိုဘုရင်များ
အနက်ငါးပါးသည် ကျဆုံးပြီးလေပြီ။တစ်ပါးအသက်
ရှင်လျှက်ရှိသေး၏။ အခြားသော တစ်ပါးကားမလာ
သေး။ သူလာသောအခါ၌လည်းခေတ္တခဏမျှသာအုပ်
၁၁။ စိုးရလိမ့်မည်။ ယခင်ရှိခဲ့ပြီး၍ ယခုပျောက်ကွယ်သွား
သောသတ္တဝါကြီးသည် အဋ္ဌမမြောက်ဖြစ်ပြီး ဘုရင်
ခုနစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော်လည်း သူ
သည်ဖျက်ဆီးခြင်းသို့ရောက်ရလိမ့်မည်။
၁၂။ သင်မြင်ခဲ့သော ဦးချို ဆယ်ချောင်းသည်ကား မင်း
အာဏာစက်ကို မရရှိသေးသောဘုရင်ဆယ်ပါးဖြစ်ကြ
၏။ သူတို့သည် သတ္တဝါကြီးနှင့်အတူ တစ်နာရီခန့်
မျှသာမင်းအာဏာစက်ကိုရကြလိမ့်မည်။
၁၃။ ထိုဘုရင်တို့သည် တစ်စိတ်တစ်ဝမ်းတည်း ဖြစ်ကြပြီး
သူတို့၏ ဩဇာအာဏာကို သတ္တဝါကြီးအားပေးအပ်
၁၄။ ကြလိမ့်မည်။ သူတို့သည် သိုးငယ်တော်ကိုတိုက်ခိုက်
ကြလိမ့်မည်။ သို့သော် သခင်တို့၏သခင် ဘုရင်တို့
၏ဘုရင်ဖြစ်တော်မူသော သိုးငယ်တော်သည်အနိုင်ရ
လိမ့်မည်။ ကိုယ်တော်နှင့်အတူရှိသော သူတို့သည်
ဖိတ်ခေါ်ခံရသူ ရွေးကောက်ခံရသူ သစ္စာရှိသူများဖြစ်
၁၅။ ကြလိမ့်မည်ဟုဆို၏။ ထိုသူက ငါ့အားဆိုသည်မှာ
သင်မြင်ခဲ့ရသော ပြည့်တန်ဆာ ထိုင်နေသော ရေများ
သည်ကား တိုင်းနိုင်ငံအသီးသီးရှိဘာသာစကားအမျိုး
မျိုးကို ပြောကြသော လူမျိုးအပေါင်းတို့ဖြစ်ကြောင်း
၁၆။ သင်မြင်ခဲ့ရသော ဦးချိုဆယ်ချောင်းနှင့် သတ္တဝါကြီး
သည် ပြည့်တန်ဆာကို မုန်းတီးကြလိမ့်မည်။ သူတို့
သည် သူမကို ဖျက်ဆီးကြ၍ အဝတ်အချည်းစည်း
ထားခဲ့ကြလိမ့်မည်။ သူမ၏အသားကို ဝါးမျိုပြီးသူမ
၁၇။ ကို မီးရှို့ကြလိမ့်မည်။ အကြောင်းမူကား ဘုရားသခင်
၏နှုတ်ကပတ်တော်ထွက် စကားများ ပြည့်စုံခြင်းသို့
ရောက်သည့်တိုင်အောင် ကိုယ်တော်သည် သူတို့ကို
တစ်စိတ် တစ်ဝမ်းထဲဖြစ်စေ၍ သူတို့၏ မင်းအာဏာ
၁၈။ စက်ကိုသတ္တဝါကြီးအား ပေးစေ၏။သင်မြင်ခဲ့ရသော
မိန်းမသည်ကား ကမ္ဘာပေါ်ရှိ ဘုရင်များအပေါ်အုပ်စိုး
လွှမ်းမိုးရသော မြို့တော်ကြီးပင်ဖြစ်သတည်းဟုဆိုလေ
၏။

## အခန်းကြီး (၁၈)

## ဘာဘီလွန်မြို့တော်ကြီးပျက်စီးခြင်း

၁။ ထို့နောက် ဩဇာအာဏာကြီးသော ကောင်းကင်
တမန်တစ်ပါးသည် ကောင်းကင်မှ ဆင်းလာသည်ကို
ငါမြင်ရ၏။ ကမ္ဘာမြေကြီးသည်လည်း ကောင်းကင်
တမန်၏အရောင်အဝါဖြင့် တောက်ပလာ၏။
၂။ သူသည် ကြီးမားသောအသံဖြင့် အော်ဟစ်လိုက်သည်
မှာမဟာ**ဘာဘီလွန်**မြို့တော်ကြီး ကျဆုံးလေပြီကျဆုံး
လေပြီ။ ယင်းသည် နတ်ဆိုးတို့နေထိုင်ရာအရပ်၊ညစ်
ညူးသောဝိညာဉ်တို့ကျက်စားရာဋ္ဌါနနှင့်စက်ဆုပ်ရွံရှာ
ဖွယ်ကောင်းသော ငှက်တို့၏အသိုက်ဖြစ်လာလေပြီ။
၃။ အကြောင်းမူကား တိုင်းနိုင်ငံအပေါင်းတို့သည်သူမ၏
မစင်ကြယ်သော ဆန္ဒရမက်တို့ဖြင့် ပြည့်ဝနေသည့်
စပျစ်ရည်နှင့် ယစ်မူးခဲ့ကြပြီ။ ကမ္ဘာပေါ်ရှိဘုရင်တို့
သည်လည်း သူမနှင့်မတရားမေထုန်ကိုကျူးလွန်ခဲ့ကြ

ပြီး ကမ္ဘာပေါ်ရှိကုန်သည်များသည်သူမ၏ဖေါက်ပြန်
ခြင်း၌ ချမ်းသာကြွယ်ဝလာကြပြီဟုဆိုလေ၏။
၄။ တဖန်ကောင်းကင်မှလာသော အခြားသောအသံကား
ငါ၏လူမျိုးတို့ သူမ၏အပြစ်မကောင်းမှု၌မပါဝင်စေ
ရန်နှင့် သူမခံထမ်းရမည့်ဘေးဒုက္ခကြီးများ၌ ပါဝင်မ
ခံစားကြစေရန် သူမထံမှ ထွက်လာကြလော့။
၅။ အကြောင်းမူကား သူမ၏အပြစ်များသည်မိုးထိအောင်
မြင့်မားလေပြီ။ ဘုရားသခင်သည် သူမ၏မကောင်းမှု
၆။ များကို ရည်ရွယ်ထားတော်မူလေပြီ။ သူမပြုခဲ့သော
လုပ်ရပ်များအတွက် နှစ်ဆပြန်ဆပ်ကြလော့။ သူမ
ရောစပ်ခဲ့သည့် ခွက်ထဲတွင် သူမအတွက်နှစ်ဆပြင်း
အောင်ရောစပ်၍ သူမကိုပေးကြလော့။
၇။ သူမသည် မိမိကိုယ်ကိုဂုဏ်ဖော်ဝါကြွား၍မကောင်းမှု
၌ဖောက်ပြားခဲ့သည့် အတိုင်းအတာနှင့်အညီ သင်တို့
သည်သူမ၌ ဒုက္ခဆင်းရဲခြင်းနှင့် ငိုကြွေးခြင်းသက်
ရောက်စေလော့။ အဘယ်ကြောင့်ဆိုသော် သူမကငါ
သည် မိဖုရားဖြစ်၏။ မုဆိုးမ မဟုတ်၊ငိုကြွေးခြင်းကို
မည်သည့်အခါမျှ ငါမြင်ရလိမ့်မည်မဟုတ်ဟုမိမိစိတ်
၈။ ထဲ၌ ဆိုသောကြောင့်ဖြစ်၏။ ထို့ကြောင့်သူမ၏ဘေး
ဒုက္ခများဖြစ်သော ကပ်ရောဂါများ ဝမ်းနည်းငိုကြွေး
ခြင်းများ ငတ်မွတ်ခေါင်းပါးခြင်းစသည်တို့သည်တစ်
နေ့ချင်းတွင် စုပြုံရောက်ရှိလာကြလိမ့်မည်။သူမသည်
မီးရှို့ခြင်းခံရလိမ့်မည်။ အကြောင်းမူကားသူမကိုစီရင်
တော်မူသော ထာဝရအရှင်ဘုရားသခင်သည် တန်ခိုး
ကြီးတော်မူသောကြောင့်တည်းဟူ၍ဆို၏။
၉။ သူမနှင့် မတရားသော မေထုန်ကိုမှီဝဲ၍ ဖောက်ပြန်ခဲ့
ကြသော လောကီဘုရင်တို့သည် သူမအား လောင်
ကျွမ်းသော မီးမှမီးခိုးများကို မြင်ကြသောအခါ သူမ
အတွက် ငိုကြွေးမြည်တမ်းကြလိမ့်မည်။
၁၀။ သူတို့သည် သူမကြုံတွေ့ခံထမ်းရသည့်ပြင်းထန်သော
ဝေဒနာကို အဝေးမှရပ်နေလျှက် ဆိုကြသည်ကား အို
အသင် မြို့တော်ကြီး သင်၏ အဖြစ်ဆိုးလှပေသည်
တကား၊အင်မားကြီးသော**ဘာဘီလွန်** သင်သည်တစ်
နာရီအတွင်း အပြစ်ဒဏ်စီရင်ခြင်း ခံရလေပြီဟုဆိုကြ
၁၁။ ၏။ ကမ္ဘာတစ်ဝှမ်းမှကုန်သည်များသည်သူတို့၏ကုန်
ပစ္စည်းများကို ဝယ်ယူမည့်သူ မရှိသောကြောင့် သူမ
၁၂။ အတွက်ဝမ်းနည်းငိုကြွေးကြ၏။ သူတို့၏ကုန်ပစ္စည်း
များသည် ရွှေ၊ငွေ ကျောက်သံပတ္တမြား၊ ပုလဲ၊ ပိတ်
ချောများ၊ ကတ္တီပါများ၊ ပိုးထည်များ နီမောင်းသော
ဝတ်ရုံများ၊ သစ်မွှေးများ၊ ဆင်စွယ်ပစ္စည်းအမျိုးမျိုး
အဘိုးထိုက်သောသစ်သား၊ ကြေးဝါ၊ သံနှင့်ကျောက်
ဖြူတန်ဆာများဖြင့် ပြုလုပ်ထားသောပစ္စည်းတန်ဆာ
၁၃။ များ။ သစ်ကြပိုး၊ဟင်းခပ်အမွှေးအကြိုင်နံ့သာပေါင်း၊
မုရန်အစေ၊ ဆီမွှေး၊ လော်ဗန်၊ စပျစ်ရည်၊ ဆီ၊ ဂျုံမှုန့်၊
ဂျုံဆန်၊ ကျွဲ၊ နွား၊ သိုး၊ မြင်း၊ စစ်ရထားနှင့်လူသား
၁၄။ ကျွန်များဖြစ်ကြ၏။ သင်မျှော်မှန်းတမ်းတသောအသီး
အပွင့်သည် ပျောက်ကွယ်လေပြီ။ သင်၏ဂုဏ်ပကာ
သနတို့သည် ပျောက်ဆုံးကြပြီ။ ထိုအရာများကို သင်
သည် နောက်တဖန် ပြန်တွေ့ရတော့မည်မဟုတ်ဟုဆို
၁၅။ ကြ၏။ သူမကို အမှီပြု၍ထိုကုန်ပစ္စည်းများကိုရောင်း
ဝယ်ခြင်းအားဖြင့်ချမ်းသာကြွယ်ဝလာသောကုန်သည်
ကြီးများသည် သူမခံစားရသောဝေဒနာကို ကြောက်ရွံ့
သောကြောင့် ကျယ်လောင်စွာ ငိုကြွေး မြည်တမ်းကြ
၁၆။ သည်မှာ၊ နူးညံ့ချောမွေ့သော ခရမ်းရောင် အနီရောင်
အဝတ်များဖြင့် ဝတ်ဆင်ထား၍ ရွှေကျောက်မျက်
ရတနာ၊ ပုလဲတန်ဆာတို့ဖြင့် ဆင်ယင်ထားသော မြို့
တော်ကြီး၊ သင်သည် အဖြစ်ဆိုးလှပါသည်တကား၊
၁၇။ သင်၏ ကြွယ်ဝချမ်းသာမှု အားလုံးသည် တစ်နာရီ
အတွင်းပျက်ဆီး ဆုံးရှုံးသွားလေပြီဟုဆိုကြလိမ့်မည်၊
ခပ်သိမ်းသော ရေယာဉ်များ၊ ခရီးသည်အပေါင်း
တို့နှင့် သင်္ဘောသားများ၊ ရေကြောင်းကုန်သွယ်မှု
ကိုပြုသူအပေါင်းတို့သည် အဝေးကရပ်နေလျှက်၊
၁၈။ သူမကို လောင်ကျွမ်းနေသော မီးမှမီးခိုးများကို မြင်၍
ကြွေးကြော်ကြသည်မှာ ဤကဲ့သို့ ကြီးကျယ်ခမ်းနား
သောမြို့တော်ကြီးနှင့်တူသောမြို့၊ အဘယ်မှာရှိသနည်း
၁၉။ ဟုဆို၏။ သူတို့သည် မြေမှုန့်များကို မိမိတို့ဦးခေါင်း
ပေါ်သို့ ကြဲဖြန့်လျှက် ငိုကြွေးမြည်တမ်းကြသည်မှာ
သင်၏ချမ်းသာကြွယ်ဝခြင်းဖြင့် ပင်လယ်ကူးသင်္ဘော
ပိုင်ရှင်အပေါင်းတို့အား ကြီးပွားစေသော မြို့တော်ကြီး
တစ်နာရီအတွင်းသင်၌ရှိသမျှတို့သည် ဆုံးရှုံးရလေပြီ
၂၀။ တကား၊ အို ကောင်းကင် ထိုမြို့ပျက်စီးသည့်အတွက်
ဝမ်းမြောက်ရွှင်လန်းကြလော့၊အို သူတော်သူမြတ်တို့၊
တမန်တော်ကြီးများနှင့်ပရောဖက်တို့၊ ဝမ်းမြောက်ရွှင်
လန်းကြလော့၊ အကြောင်းမူကား ဘုရားသခင်သည်
သင်တို့အတွက် သူမကို တရားစီရင်တော်မူပြီ။
၂၁။ ခွန်အားကြီးသော တမန်တော်တစ်ပါးသည် ကြိတ်ဆုံ
ကျောက်ကဲ့သို့သော ကျောက်တုံးတစ်တုံးကိုပင်လယ်
၌ပစ်ချပြီးလျှင်**ဘာဘီလွန်**မြို့ကြီးသည်လည်းဤနည်း
တူကြမ်းတမ်းစွာ ပစ်ချခံရလျှက် နောက်တဖန်သူမကို
ပြန်တွေ့ရလိမ့်မည်မဟုတ်ဟုဆို၏။

၂၂။ စောင်းတီးသူများ၊သီချင်းဆိုသူများ၊ပုလွေမှုတ်သူများ
တံပိုးခရာမှုတ်သူများ၏အသံကို သင်၌ နောက်တဖန်
ကြားရလိမ့်မည်မဟုတ်။ မည်သည့် လက်မှုပညာရှင်
တစ်ယောက်ကိုမျှ သင်၌တွေ့ရလိမ့်မည်မဟုတ်။
၂၃။ ဆီမီးခွက်၏ အလင်းရောင်ကိုလည်း သင်၌မြင်ရလိမ့်
မည်မဟုတ် မင်္ဂလာဆောင် သတို့သားနှင့်သတို့သမီး
တို့၏အသံကိုလည်း သင်၌ မည်သည့်အခါမျှကြားရ
လိမ့်မည်မဟုတ်၊ အကြောင်းမူကား သင်၏ကုန်သည်
ကြီးများသည် ကမ္ဘာတစ်ဝှမ်းလုံးတွင် ဩဇာအာဏာ
ကြီးမားသူများဖြစ်ကြ၏။ လူမျိုးတကာတို့သည် သင်
၏မာယာဖြင့် လှည့်ဖြားခြင်းကို ခံရကြပြီ။
၂၄။ ထိုမြို့၌ ပရောဖက်များနှင့် သူတော် သူမြတ်တို့၏
အသွေးသည်လည်းကောင်း၊ ကမ္ဘာပေါ်တွင် အသတ်
ခံရသောသူတို့၏ အသွေးများကိုလည်းကောင်းတွေ့
ရသောကြောင့်ဟုဆိုလေ၏။

## အခန်းကြီး (၁၉)

## ကောင်းကင်၌အောင်ပွဲခံသီချင်းဇကျူးကြခြင်း

၁။ ထို့နောက် ကောင်းကင်မှ လူပရိသတ်ကြီး၏အသံနှင့်
တူသော ကျယ်လောင်သည့်အသံကို ငါကြားရသည်
ကား အာလေလုယာ၊ ကယ်တင်တော်မူခြင်းကျေးဇူး
တော်နှင့် ဘုန်းတန်ခိုးအာနုဘော်တော်သည် ငါတို့၏
ဘုရားသခင်ပိုင်ဆိုင်တော်မူ၏။
၂။ ကိုယ်တော်၏တရားစီရင်တော်မူချက်တို့သည် ဖြောင့်
မတ်မှန်ကန်၍ တရားမျှတပါ၏။ မတရားမေထုန်မှီဝဲ
ခြင်းအပြစ်များဖြင့် ကမ္ဘာမြေကြီးအား ပျက်စီးစေခဲ့
သောပြည့်တန်ဆာမကြီးအား ကိုယ်တော်သည် ဒဏ်
ခတ်တော်မူ၏။မိမိအစေခံတို့၏အသွေးအတွက်ကိုယ်
တော်သည်သူမကိုဒဏ်ခတ်တော်မူသည်ဟုဆိုကြ၏။
၃။ တဖန်သူတို့က အာလေလုယာ၊ သူမကိုလောင်ကျွမ်း
၍ထွက်လာသော မီးခိုးများတို့သည်အထက်သို့အစဉ်
ထာဝရလွင့်တက်လျက်ရှိ၏ဟုကြွေးကြော်ကြပြန်၏။
၄။ ထိုအခါ သက်ကြီးဝါကြီးနှစ်ဆယ့်လေးဦးနှင့်သက်ရှိ
သတ္တဝါကြီးလေးကောင်တို့သည်ပလ္လင်တော်ပေါ်တွင်
စံပယ်တော်မူသော ဘုရားသခင်အား ရှိခိုးပျပ်ဝပ်ကြ
လျက် အာမင်၊ အာလေလုယာဟူ၍ ရွတ်ဆိုကြ၏။
၅။ ပလ္လင်တော်ပေါ်မှအသံတစ်ခုထွက်ပေါ်လာသည်ကား
ဘုရားသခင်၏ အစေခံအပေါင်းတို့နှင့်ကိုယ်တော်ကို
ကြောက်ရွံ့ရိုသေသူကြီးငယ်အပေါင်းတို့၊ ငါတို့ဘုရား
သခင်ကို ချီးမွမ်းထောပနာပြုကြလော့ဟုဆို၏။
၆။ ထို့နောက်လူပရိသတ်ကြီး၏အသံဖြစ်ဟန်ရှိ၍ရေများ
စွာ စီးဆင်းသံနှင့် ပြင်းထန်သော မိုးထစ်ချုန်းသံများ
ကဲ့သို့သောအသံကို ငါကြားရသည်မှာအာလေလုယာ
အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ထာဝရအရှင် ငါ
တို့၏ဘုရားသခင်သည် စိုးစံတော်မူလေပြီ။
၇။ ငါတို့သည် ဝမ်းမြောက်ရွှင်လန်းကြ၍ ကိုယ်တော်၏
ဘုန်းဂုဏ်တော်ကို ချီးမွမ်းထောပနာ ပြုကြကုန်အံ့။
အကြောင်းမူကား သိုးငယ်တော်၏ မင်္ဂလာပွဲတော်
အချိန် ကျရောက်လေပြီ။ သိုးငယ်တော်၏ မင်္ဂလာ
ဆောင် သတို့သမီးသည် မိမိ၏ကိုယ်ကို အသင့်ပြင်
၈။ ဆင်ထားလေပြီ။ သူမဝတ်ဆင်ရန်တောက်ပဖြူစင်
သော ပိတ်ချောထည်ကိုပေးထားလေပြီဟုဆို၏။ (ထို
ပိတ်ချောထည်ကား သူတော်သူမြတ်တို့၏ဖြောင့်မတ်
သောကျင့်စဉ်များကို ဆိုလိုသည်။)
၉။ တဖန်ကောင်းကင်တမန်က ငါ့အားဆိုသည်မှာဤသို့
ရေးလော့။ သိုးငယ်တော်၏ ထိမ်းမြားမင်္ဂလာစားပွဲ
တော်သို့ ဖိတ်ခေါ်ခြင်းခံရသောသူတို့သည် မင်္ဂလာရှိ
ကြ၏။ ဤစကားတို့သည်ကား ဘုရားသခင်၏နှုတ်
တော်ထွက်စကားများပေတည်းဟုဆိုလေ၏။
၁၀။ ထိုအခါ ငါသည်သူ့ကိုရှိခိုးရန် သူ၏ခြေရင်း၌ပျပ်ဝပ်
သောအခါသူ့ကဤသို့မပြုနှင့်။ငါသည်သင်နှင့်သင်
၏ညီအစ်ကိုများကဲ့သို့ သခင်**ယေရှု**၏ သက်သေခံ
ချက်တို့ကို ဝန်ခံသောလုပ်ဖော်ကိုင်ဖက် အစေခံတစ်
ဦးသာဖြစ်၏။ ဘုရားသခင်တစ်ပါးတည်းကိုသာလျှင်
ရှိခိုးကိုးကွယ်လော့ဟုငါ့အားဆို၏။အကြောင်းမူကား
သခင်**ယေရှု**၏ တရားတော်ကို ဝန်ခံခြင်းသည်ပရော
ဖက်များအားဘုရားသခင်ကလှုံ့ဆော်ခြင်းဖြစ်သည်ဟု
ဆို၏။

## မြင်းဖြူစီးတော်မူသောအရှင်

၁၁။ ထိုအခါ ကောင်းကင် ပွင့်လှစ်လျက်ရှိ၍ မြင်းဖြူတစ်
ကောင်ပေါ်လာသည်ကို ငါမြင်ရ၏။ ထိုမြင်းကို စီး
သောသူ၏အမည်မှာသစ္စာသမာဓိရှိသူဟူ၍အမည်ဖြစ်
၏။သူသည်တရားမျှတစွာစီရင်၍စစ်ခင်းသောသူဖြစ်
၁၂။ ၏။ မျက်စိများသည် မီးလျှံများကဲ့သို့တောက်ပလျက်
သူ၏ ခေါင်းပေါ်တွင် သရဖူများစွာ ဆောင်းထား၏။
သူမှတစ်ပါး မည်သူမျှ မသိနိုင်သော အမည်ကိုသူ့
၁၃။ အပေါ်၌ရေးသားထား၏။ သူသည်သွေးတွင်နှစ်ထား
သော ဝတ်ရုံကိုဆင်မြန်းထား၍ သူ့ကိုဘုရားသခင်၏
နှုတ်ကပတ်တော်ဟူ၍ အမည်ပေးထား၏။

၁၄။ ကောင်းကင်ဗိုလ်ခြေ၊ စစ်သည်အပေါင်းတို့သည် ဖြူ
စင်သောပိတ်ချောထည်များကိုဝတ်ဆင်၍မြင်းဖြူများ
ကို စီးလျက်သူ၏နောက်မှလိုက်ကြ၏။
၁၅။ တိုင်းနိုင်ငံတို့ကို ဖြိုခွင်း နှိမ်နင်းရန်အတွက် သူ၏ခံ
တွင်းမှထက်သော ဓါးတစ်လက်ထွက်ပေါ်လာ၏။သူ
သည် ထိုသူတို့ကို သံလှံတံဖြင့် အုပ်စိုးလိမ့်မည်။
အနန္တ တန်ခိုးတော်ရှင် ဘုရားသခင်၏ အမျက်တော်
တည်းဟူသော စပျစ်သီးညှစ်ရာကျင်းတွင် စပျစ်သီး
၁၆။ များကို နင်းချေလိမ့်မည်။ သူ၏ဝတ်ရုံနှင့် သူ၏
ပေါင်ပေါ်တွင် ဘုရင်တို့၏ဘုရင် သခင်တို့၏သခင်
ဟူသောအမည်နာမတော်ကို ကမ္ပည်းရေးထားလျက်ရှိ
၁၇။ ၏။ ထို့နောက် ငါသည် နေတွင်ရပ်နေသော ကောင်း
ကင်တမန်တော်တစ်ပါးကိုမြင်ရ၏။ သူသည်ကောင်း
ကင်၌ ပျံသန်းနေသော ငှက်အပေါင်းတို့အား ကျယ်
လောင်သော အသံဖြင့် ခေါ်လိုက်သည်မှာ လာကြ၊
ဘုရားသခင်၏စားသောက်ပွဲတော်ကြီးသို့လာရောက်
၁၈။ စုရုံးကြလော့။သင်တို့သည်ဘုရင်တို့၏အသား၊စစ်သူ
ကြီးများနှင့် သူရဲကောင်းတို့၏အသား၊ မြင်းများနှင့်
မြင်းစီးသူရဲတို့၏အသား၊ လွတ်လပ်သူတို့နှင့်ကျွန်တို့
၏အသား၊ ကြီးသူနှင့်ငယ်သူတို့၏အသားတို့ကိုစား
၁၉။ ကြရလိမ့်မည်ဟုဆို၏။ ထိုအခါသတ္တဝါကြီးနှင့်
ကမ္ဘာပေါ်ရှိ ဘုရင်များတို့သည် သူတို့၏စစ်တပ်
များနှင့်တကွ မြင်းစီးသောအရှင်နှင့်သူ၏စစ်တပ်ကို
စုရုံး၍တိုက်ခိုက်ရန် ပြင်ဆင်ကြသည်ကို ငါမြင်ရ၏။
၂၀။ သတ္တဝါကြီးနှင့်တကွ၊ သင်း၏ရှေ့မှောက်တွင်လှည့်
ဖျားသော နိမိတ်လက္ခဏာများကို ပြုလုပ်သောပရော
ဖက် အတုအယောင်သည်လည်းဖမ်းဆီးခြင်းခံရ၏။ထို
ပရောဖက် အတုအယောင်သည်ကား သတ္တဝါကြီး၏
အမှတ်တံဆိပ်ကိုခံယူ၍ သူ၏ရုပ်တုကိုရှိခိုးကိုးကွယ်
သူများအား နိမိတ်လက္ခဏာများအားဖြင့် လှည့်ဖျား
၂၁။ သောသူဖြစ်၏။ထိုသူနှစ်ဦးစလုံးသည်တောက်လောင်
နေသောကန့်မီးအိုင်ထဲသို့အရှင်လတ်လတ်ပစ်ချခြင်း
ခံရကြ၏။ ကြွင်းကျန်သောသူတို့မူကား မြင်းဖြူစီး
သောအရှင်၏ခံတွင်းမှ ထွက်လာသောဓါးဖြင့် သုတ်
သင်ဖြတ်ခြင်းခံရကြ၏။ ငှက်အပေါင်းတို့သည်သူတို့
၏အသားကို အားရပါးရစားသောက်ကြ၏။

## အခန်းကြီး (၂၀)

## အနှစ်နှစ်ထောင်အုပ်စိုးခြင်း

၁။ ထို့နောက်ကောင်းကင်တမန်တော်တစ်ပါးသည်အသူ
တစ်ရာနက်သောတွင်းနက်ကြီး၏သော့နှင့်သံကြိုးကြီး
တစ်ချောင်းတို့ကို ကိုင်လျက်ကောင်းကင်မှဆင်းလာ
၂။ သည်ကိုငါမြင်ရ၏။ သူသည်စာတန်နတ်ဆိုးတည်း
ဟူသော ရှေးမြွေနဂါးကြီးကိုဖမ်းဆီးပြီးလျှင်နှစ်ပေါင်း
တစ်ထောင်တိုင်အောင် ချည်နှောင်ထားသည်။
၃။ ကောင်းကင်တမန်တော်သည် နဂါးကို တွင်းနက်ကြီး
ထဲသို့ ပစ်ချ၍တိုင်းနိုင်ငံတို့အားနှစ်ပေါင်းတစ်ထောင်
တိုင်အောင်လှည့်ဖျားနှောင့်ယှက်ခြင်းမပြုနိုင်ရန်တွင်း
တံခါးကို ပိတ်၍ တံဆိပ်ခတ်နှိပ်ထား၏။ ထိုအချိန်
ကာလပြီးဆုံးလျှင် နဂါးကြီးကိုခေတ္တခဏမျှလွှတ်ပေး
၄။ လိမ့်မည်။ ထို့နောက် ငါသည်ပလ္လင်များကိုမြင်ရ၍
တရား စီရင်ပိုင်ခွင့်အာဏာကို ရရှိသော သူတို့သည်
ယင်းပလ္လင်များပေါ်တွင် ထိုင်နေကြ၏။ ထို့ပြင်သခင်
**ယေရှု**ကိုသက်သေခံခြင်းနှင့် ဘုရားသခင်၏နှုတ်က
ပတ်တော်အတွက် ဦးခေါင်းဖြတ်ခံရသော သူများ၏
ဝိညာဉ်များကိုလည်း ငါမြင်ရ၏။သူတို့သည်သတ္တဝါ
ကြီးနှင့်ယင်း၏ရုပ်တုကို ရှိခိုးကိုးကွယ်ခြင်းမပြုဘဲမိမိ
တို့နဖူးများနှင့်လက်များပေါ်၌ သတ္တဝါကြီး၏အမှတ်
တံဆိပ် ခတ်နှိပ်ထားခြင်း မရှိကြချေ။ သူတို့သည်
အသက်ရှင်ခြင်းသို့ရောက်ကြ၍ခရစ်တော်နှင့်အတူနှစ်
၅။ ပေါင်းများစွာစိုးစံခဲ့ကြ၏။ သေလွန်သူတို့ထဲမှကြွင်း
ကျန်နေသော သူတို့သည် နှစ်ပေါင်းတစ်ထောင်ကုန်
ဆုံးခြင်းသို့ရောက်သည့်တိုင်အောင် အသက်ရှင်ခြင်း
သို့မရောက်ရ၊ ဤသည်ကား ပထမရှင်ပြန်ထမြောက်
၆။ ခြင်းဖြစ်သတည်း။ ပထမရှင်ပြန်ထမြောက်ခြင်း၌ပါ
ဝင်ခံစားရသောသူတို့သည် မင်္ဂလာရှိ၍ သန့်ရှင်းမြင့်
မြတ်လေ၏။ ဒုတိယသေခြင်းသည် ထိုသူတို့အပေါ်၌
လွှမ်းမိုးခြင်းမရှိရ။ သို့သော်သူတို့သည်ဘုရားသခင်
နှင့်ခရစ်တော်၏ရဟန်းများဖြစ်ကြ၍ ကိုယ်တော်နှင့်
အတူနှစ်ပေါင်းတစ်ထောင်စိုးစံကြလိမ့်မည်။

## နတ်ဆိုးအရေးနိမ့်ခြင်း

၇။ နှစ်ပေါင်းတစ်ထောင်ကုန်ဆုံးသောအခါ စာတန်သည်
သူ၏အကျဉ်းထောင်မှလွတ်လာပြီးလျှင် **ဂေါ့**ပြည်နှင့်
၈။ **မာဂေါ့**ပြည်ဟုခေါ်သော ကမ္ဘာအရပ်လေးမျက်နှာမှ
တိုင်းနိုင်ငံတို့ကို လှည့်ဖျား၍စစ်တိုက်စေခြင်းငှါ
စုရုံးလိမ့်မည်။ သူတို့၏အရေအတွက်သည်ကား ပင်
လယ်ကမ်းခြေမှ သဲပွင့်များကဲ့သို့များပြားလိမ့်မည်။

၉။ သူတို့သည် ကမ္ဘာပေါ်ရှိနေရာအနှံ့အပြား သို့ချီတက်
လာကြပြီးလျှင် သူတော်သူမြတ်များ၏ စခန်းများနှင့်
နှစ်သက်မြတ်နိုးသောမြို့တော်ကိုဝန်းရံ ထားကြ၏။
သို့သော် ကောင်းကင်မှမီးကျလာ၍သူတို့ကို ဝါးမျို
၁၀။ လောင်ကျွမ်းလေ၏။ ထို့နောက် သူတို့ကိုလှည့်ဖျား
သွေးဆောင်သောနတ်ဆိုးကို သတ္တဝါကြီးနှင့်ပရော
ဖက်အတုအယောင်တို့ရှိနေသော ကန့်မီးအိုင်ထဲသို့
ပစ်ချခြင်းခံခဲ့ရ၏။ သူတို့သည် ထိုနေရာတွင်နေ့ည
မပြတ်၊ အစဉ်ထာဝရဒဏ်ခံရလိမ့်မည်။

## နောက်ဆုံးတရားစီရင်ခြင်း

၁၁။ ထို့နောက် ငါသည် အဖြူရောင်ပလ္လင်ကြီးတစ်ခုနှင့်
ယင်းအပေါ်တွင် စံနေတော်မူသောအရှင်ကို မြင်ရ၏။
ကမ္ဘာမြေကြီးနှင့် ကောင်းကင်သည် ထိုအရှင်၏ရှေ့
မျက်မှောက်မှ လုံးဝပျောက်ကွယ်သွား၏။
၁၂။ ထို့နောက်သေလွန်သူကြီးငယ်ဟူသမျှတို့သည်ပလ္လင်
တော်ရှေ့မှာရပ်နေကြပြီးစာအုပ်များသည်လည်းဖွင့်နေ
ကြသည်ကို ငါမြင်ရ၏။ အသက်မှတ်တမ်းစာအုပ်
တည်းဟူသော အခြားစာအုပ်တစ်အုပ်ကိုလည်း ဖွင့်
ထားလျက်ရှိ၏။ သေလွန်သူတို့သည် မိမိတို့လုပ်
ဆောင်ခဲ့သမျှတို့ကို ထိုစာအုပ်တွင် ရေးထားသည့်
၁၃။ အတိုင်းတရားစီရင်ခြင်းခံကြရ၏။ ပင်လယ်သည်မိမိ
၌သေလွန်သောသူတို့ကို ထုတ်ပေးလေ၏။ သေမင်း
နှင့်သေမင်းနိုင်ငံတို့သည်လည်း မိမိတို့၌ သေလွန်သူ
တို့ကို ထုတ်ပေးကြ၏။ရှိသမျှလူအားလုံးသည်မိမိတို့
၏လုပ်ဆောင်ချက်များအတိုင်းတရားစီရင်ခြင်းခံကြရ
၁၄။ သည်။သေမင်းနှင့်သေမင်းနိုင်ငံတို့သည်မီးအိုင်ထဲသို့
ပစ်ချခြင်းခံကြရ၏။ ဤမီးအိုင်သည်ကားဒုတိယသေ
၁၅။ ခြင်းပေတည်း။ အသက်မှတ်တမ်းစာအုပ်တွင် အမည်
နာမရေးမှတ်ထားခြင်းမခံရသောသူများသည် မီးအိုင်
ထဲသို့ပစ်ချခြင်းခံရ၏။

## အခန်းကြီး (၂၁)
## ကောင်းကင်သစ်နှင့်ကမ္ဘာသစ်

၁။ ထို့နောက် ကောင်းကင်သစ်နှင့် ကမ္ဘာသစ်ကိုငါမြင်ရ
၏။ အကြောင်းမူကား ပထမကောင်းကင်နှင့် ပထမ
ကမ္ဘာသည် ကွယ်ပျောက်သွားခဲ့၍၊ ပင်လယ်သည်
၂။ လည်းမရှိတော့ချေ။ ဘုရားသခင် စံမြန်းတော်မူရာ
ကောင်းကင်မှသန့်ရှင်းမွန်မြတ်သော **ဂျေရုဆလင်မြို့**
တော်သစ်ကြီးသည် မိမိခင်ပွန်းအတွက်ဆင်မြန်းထား
သောမင်္ဂလာဆောင် သတို့သမီးကဲ့သို့ ပြင်ဆင်လျက်
ဆင်းသက်လာသည်ကို ငါမြင်ရ၏။
၃။ ပလ္လင်ပေါ်မှကျယ်လောင်သောအသံကိုငါကြားရသည်
မှာ ကြည့်လော့။ ဘုရားသခင်စံမြန်းတော်မူရာ အိမ်
တော်သည် လူတို့အလယ်တွင်ရှိ၏။ကိုယ်တော်သည်
လူတို့နှင့်အတူစံမြန်းတော်မူ၍ သူတို့သည်ကိုယ်တော်
၏လူမျိုးဖြစ်ကြလိမ့်မည်။ ဘုရားသခင် ကိုယ်တော်
တိုင်သည်လည်း သူတို့နှင့်အတူ ရှိလိမ့်မည်။
၄။ သူတို့သည်သူတို့၏မျက်လုံးများထဲမှမျက်ရည်ရှိသမျှ
ကိုသုတ်ပေးတော်မူလိမ့်မည်။ သေခြင်းသည်လည်းရှိ
လိမ့်မည်မဟုတ်။ ဝမ်းနည်းပူဆွေးခြင်း၊ ငိုကြွေးခြင်း
နှင့်နာကျင်ခြင်းများလည်းရှိကြလိမ့်မည်မဟုတ်။
ယခင်ကရှိခဲ့သောအရာတို့သည်ပျောက်ကွယ်သွားကြ
၅။ ပြီဟုဆိုလေ၏။ ပလ္လင်တော်ပေါ်မှာ စံနေတော်မူသော
အရှင်က၊ ကြည့်လော့ ငါသည် အရာခပ်သိမ်းကို
အသစ်ဖန်ဆင်းပြီဟု မိန့်တော်မူ၏။ ထို့ပြင်သူကဤ
သို့ရေးမှတ်လော့။ အကြောင်းမူကား ဤစကားများ
သည်ယုံကြည်ထိုက်၍ မှန်ကန်ကြသည်ဟုဆို၏။
၆။ ထို့နောက်ကိုယ်တော်က ငါ့အားဆိုသည်မှာ ဤအရာ
များသည်ပြီးဆုံးလေပြီ။ ငါသည်**အာလ်ဖါ**နှင့်**အိုမီဂါ**
အစနှင့် အဆုံးဖြစ်တော်မူ၏။ ရေငတ်သောသူအား
အသက်၏စမ်းရေကို အဖိုးအခမယူဘဲငါပေးမည်။
၇။ အောင်မြင်သောသူသည် ဤအရာများကို အမွေခံစား
ရလိမ့်မည်။ ငါသည်သူတို့၏ဘုရားဖြစ်၍သူတို့သည်
ငါ၏သားသမီးများဖြစ်ကြလိမ့်မည်။
၈။ သို့ရာတွင် သူရဲဘောနည်းသူ၊ သစ္စာမဲ့သူ၊ ညစ်ညူး
သောသူ၊ လူသတ်သမားများ၊ မတရားသောမေထုန်မှီ
ဝဲသူများ၊ စုန်းကဝေများ၊ ရုပ်တုကိုးကွယ်သူများ၊
လိမ်ညာသူရှိသမျှတို့သည် လောင်ကျွမ်းနေသောကန့်
မီးအိုင်ထဲသို့ရောက်ကြလိမ့်မည်။ဤသည်ကားဒုတိယ
သေခြင်းဖြစ်သတည်း။

## ဂျေရုဆလင်မြို့တော်သစ်ကြီး

၉။ နောက်ဆုံးသော ဘေးဒုက္ခကြီး ခုနစ်ခုပါသည့်ဖလား
ခုနစ်လုံးကို ကိုင်ဆောင်ထားသော ကောင်းကင်တမန်
ခုနစ်ပါးအနက်တစ်ပါးကငါ့အားဆိုသည်မှာလာလော့
သိုးငယ်တော်၏ခင်ပွန်းဖြစ်သော သတို့သမီးကိုသင့်
၁၀။ အားငါပြမည်ဟုဆို၏။ ထိုအချိန်၌သူသည်ငါ့ကိုကြီး
ကျယ်မြင့်မားသော တောင်ပေါ်သို့ ဝိညာဉ်တော်အား

ဖြင့်သယ်ဆောင်သွား၍ဘုရားသခင်စံမြန်းရာကောင်း
ကင်မှ ဆင်းသက်လာသော သန့်ရှင်းမွန်မြတ်သည့်
**ဂျေရုဆလင်**မြို့တော်သစ်ကို ငါ့အားပြ၏။
၁၁။ ထိုမြို့တော်ကြီးသည် ဘုရားသခင်၏ ဘုန်းဂုဏ်တော်
နှင့်ပြည့်နှက်လျှက်ရှိရာ၊ရှားပါးသောနဂါးသွဲ့ကျောက်
ကဲ့သို့ တောက်ပ၍ သလင်းကျောက်ကဲ့သို့ကြည်လင်
၁၂။ ၏။ ထိုမြို့တော်ကြီး၏မြို့ရိုးသည် ကြီးကျယ်မြင့်မား၍
တံခါးပေါက်ဆယ့်နှစ်ပေါက်ရှိ၏။ထိုတံခါးပေါက်တို့
တွင် တမန်တော် ဆယ့်နှစ်ပါးရှိ၍ တံခါးပေါက်များ
ပေါ်၌ **အစ္စရေးလ်**လူမျိုးဆယ်နှစ်မျိုး၏အမည်နာမ
၁၃။ များကိုရေးထားလျက်ရှိ၏။ အရှေ့ဖက်၌ တံခါးသုံး
ပေါက်၊ မြောက်ဖက်၌ တံခါးပေါက်သုံးပေါက်၊
တောင်ဖက်၌ တံခါးပေါက်သုံးပေါက်၊ အနောက်ဖက်
၁၄။ ၌တံခါးပေါက် သုံးပေါက်ရှိ၏။ မြို့တော်၏မြို့ရိုးတွင်
အခြေခံအုတ်မြစ် ကျောက်ဆယ့်နှစ်ခုရှိပြီး။ ယင်းတို့
အပေါ်တွင်သိုးငယ်တော်၏တမန်တော်ကြီး တဆယ့်
၁၅။ နှစ်ပါးတို့၏အမည်များကိုရေးထားလျက်ရှိ၏။ ငါ့ကို
စကားပြောသောသူ၏လက်ထဲတွင် မြို့တော်ကြီးနှင့်
ယင်း၏မြို့ရိုးများ တံခါးပေါက်များကို တိုင်းတာရန်
၁၆။ ရွှေပေတံတစ်ချောင်းပါရှိ၏။ မြို့တော်ကြီး၏ မြို့ပြ
ပုံစံသည် အနားလေးဖက် ညီစတုရန်းပုံဖြစ်၏။
သူသည်မြို့တော်ကြီးကို မိမိ၏ပေတံနှင့်တိုင်းတာရာ
အကျယ်အဝန်းမှာ စတုရန်းမိုင်တစ်ထောင့်ခြောက်ရာ
ခန့်ရှိ၍ အလျား၊ အနံ၊ အမြင့်တို့သည်တူညီကြ၏။
၁၇။ သူသည်မြို့တော်၏မြို့ရိုးကို တိုင်းတာရာကောင်းကင်
တမန်အသုံးပြုသည့် လူတို့၏ အတိုင်းအတာအရတစ်
ရာ့လေးဆယ့်လေးကုဗပေရှိ၏။
၁၈။ မြို့ရိုးသည် နဂါးသွဲ့ကျောက်နှင့်တည်ဆောက်ထားပြီး
မြို့တော်ကြီးမှာ ဖန်ရောင်ကဲ့သို့ကြည်လင်သောရွှေစင်
၁၉။ ဖြင့်တည်ဆောက်ထား၏။ မြို့တော်ကြီး၏မြို့ရိုးအုတ်
မြစ်များကို ကျောက်မျက်ရတနာတစ်မျိုးစီဖြင့် စီချယ်
ထား၏။ ပထမအုတ်မြစ်မှာ နဂါးသွဲ့ကျောက်ဒုတိယ
အုတ်မြစ်မှာ နီလာ၊ တတိယအုတ်မြစ်မှာမဟူရာ၊
စတုတ္ထအုတ်မြစ်မှာ မြ၊မဥ္စမအုတ်မြစ်မှမဟူရာကြောင်
၂၀။ ကျောက်၊ ဆဋ္ဌမအုတ်မြစ်မှာ ပတ္တမြား၊ သတ္တမအုတ်
မြစ်မှာ ဂေါ်တံကျောက်၊ အဋ္ဌမအုတ်မြစ်မှာ မျက်ရွဲ
ကျောက်၊ နဝမအုတ်မြစ်မှာ ဥဿဖယား၊ ဒသမအုတ်
မြစ်မှာ မဟူရာစိမ်း၊ ဧကဒသမအုတ်မြစ်မှာ စိမ်းပြာ
ကျောက်၊ ဒွါဒသမ အုတ်မြစ်မှာ ဂေါ်မုတ်တို့ဖြစ်
၂၁။ သတည်း။ မြို့တံခါးပေါက် တစ်ပေါက်လျှင်ပုလဲတစ်
လုံးဖြင့် ပြုလုပ်ထားသဖြင့် မြို့တံခါးပေါက်ဆယ့်နှစ်
ပေါက်တို့သည် ပုလဲဆယ့်နှစ်လုံးဖြင့်ပြုလုပ်ထား၏။
မြို့တော်၏လမ်းတို့ကိုလည်းဖန်ကဲ့သို့ကြည်လင်သော
၂၂။ ရွှေစင်ဖြင့်ပြုလုပ်ထားကြ၏။ ငါသည်ထိုမြို့တော်ကြီး
ထဲတွင် ဗိမာန်တော်ကိုမတွေ့ရ အကြောင်းမူကား
အနန္တတန်ခိုးတော်ရှင် ထာဝရဘုရားသခင်နှင့်သိုးငယ်
တော်သည် မြို့တော်၏ ဗိမာန်တော်ဖြစ်သောကြောင့်
၂၃။ တည်း။ ဘုရားသခင်၏ဘုန်းဂုဏ်တော်သည်အလင်း
ဖြစ်၍သိုးငယ်တော်သည် မြို့တော်ကြီးကို အလင်းပေး
၂၄။ ရန်နေနှင့်လမလိုအပ်ချေ။ မြို့တော်ကြီး၏အလင်း၌လူ
မျိုးအပေါင်းတို့သည် လျှောက်လှမ်းကြလိမ့်မည်။
ကမ္ဘာပေါ်ရှိ ဘုရင်များတို့သည် မိမိတို့၏ ဘဏ္ဍာများ
ကို ထိုမြို့တော်ကြီးထဲသို့ ယူဆောင်ခဲ့ကြလိမ့်မည်။
၂၅။ ထိုအရပ်၌ညအချိန်မရှိတော့သည့်အတွက်မြို့တံခါးတို့
ကို တစ်နေ့လုံးဖွင့်ထားလိမ့်မည်။
၂၆။ လူမျိုးအပေါင်းတို့သည် တိုင်းနိုင်ငံအသီးသီးမှဘဏ္ဍာ
များနှင့်ဘုန်းကျက်သရေအပေါင်းတို့ကို မြို့တော်ကြီး
၂၇။ ထဲသို့ ယူဆောင်လာကြလိမ့်မည်။ သို့သော် ညစ်ညူး
သောအရာများသည်လည်ကောင်း၊ စက်ဆုပ်ရွံရှာဖွယ်
အမှုများကိုပြုသောသူများသည်လည်းကောင်းမြို့တော်
ကြီးထဲသို့ ဝင်ရလိမ့်မည်မဟုတ်။ သိုးငယ်တော်၏
အသက်မှတ်တမ်းစာအုပ်တွင် အမည်ရေးမှတ်ခြင်းခံရ
သောသူတို့သာလျှင် မြို့တော်ကြီးထဲသို့ဝင်ကြရလိမ့်
မည်။

## အခန်းကြီး(၂၂)

၁။ ထို့နောက်ကောင်းကင်တမန်သည်ဘုရားသခင်နှင့်သိုး
တော်၏ပလ္လင်တော်မှစီးဆင်းလာ၍ သလင်းကျောက်
ကဲ့သို့ ကြည်လင်တောက်ပသောအသက်ရေ၏မြစ်ကို
၂။ ငါ့အားပြလေ၏။ ထိုမြစ်သည် မြို့တော်လမ်းအလယ်
တစ်လျှောက် စီးဆင်းလာ၏ ထို့အပြင်မြစ်ကမ်းတစ်
ဖက်တစ်ချက်စီတွင်အသီးတစ်ဆယ့်နှစ်မျိုးကို လစဉ်
အသီးတစ်မျိုးစီသီးသောအသက်ပင်ရှိ၏။ထိုအပင်၏
အရွက်များသည် လူမျိုးအပေါင်း၏ အနာရောဂါ
ပျောက်ကင်းစေရန် အတွက်ဖြစ်၏။
၃။ ကျိန်ဆိုခြင်းခံရသောအရာတစ်စုံတစ်ခုမျှထိုအရပ်တွင်
ရှိလိမ့်မည်မဟုတ်။ သို့သော်ဘုရားသခင်နှင့်သိုးငယ်
တော်၏ပလ္လင်တော်သည် ထိုမြို့၌တည်ရှိ၍ကိုယ်တော်
၏အစေခံတို့သည် ကိုယ်တော့်ကို ရှိခိုးကိုးကွယ်ကြ

၄။ လိမ့်မည်။ သူတို့သည် ကိုယ်တော်၏မျက်နှာတော်ကို
ဖူးမြင်ရ၍ သူတို့၏နဖူးများပေါ်တွင် ကိုယ်တော်၏
နာမတော်ဖြင့် ရေးမှတ်ထားလိမ့်မည်။
၅။ ထိုမြို့၌ ညရှိလိမ့်မည်မဟုတ်၊ သူတို့သည် ဆီမီးသို့
မဟုတ် နေမှအလင်းရောင်ကိုလည်း လိုအပ်ကြလိမ့်
မည်မဟုတ်၊ အကြောင်းမူကား ထာဝရအရှင်ဘုရား
သခင်သည် သူတို့၏ အလင်းဖြစ်တော်မူလိမ့်မည်။
သူတို့သည်လည်းအစဉ်ထာဝရအုပ်စိုးကြလိမ့်မည်။

## သခင်ယေရှုကြွလာတော်မူခြင်း

၆။ ကောင်းကင်တမန်က ငါ့အား သင်ရေးမှတ်ထားသော
စကားများသည် သစ္စာစကားဖြစ်၍ မှန်ကန်သော
စကားများ ဖြစ်လာပေလိမ့်မည်။ ပရောဖက်တို့အား
လှုံ့ဆော်တော်မူသော ဘုရားသခင်သည် မကြာမီဖြစ်
လတ္တံ့သောအကြောင်းအရာများကို မိမိ၏အစေခံတို့
အားဖော်ပြရန် ကောင်းကင်တမန်ကိုစေလွှတ်တော်မူ
၇။ ပြီ။ ကြည့်လော့၊ငါသည်မကြာမီကြွလာမည်ဟုဆို၏။
ဤကျမ်းစောင်၏ဗျာဒိတ်စကားကိုလိုက်နာထိန်းသိမ်း
၈။ သောသူသည် မင်္ဂလာရှိ၏။ ငါ**ယောဟန်**သည်ကား
ဤအဖြစ်အပျက်များကို ကြားရမြင်ရသောသူဖြစ်၏။
ငါသည်ဤအကြောင်းအရာများကိုကြားရမြင်ရသော
အခါ ယင်းတို့ကိုငါ့အားပြသသောတမန်တော်ကိုရှိခိုး
ဝတ်ပြုရန် သူ၏ခြေရင်း၌ပျပ်ဝပ်လိုက်လေ၏။
၉။ သို့သော်သူကဤသို့မပြုနှင့်။ ငါသည်သင်နှင့်သင်၏
ညီအစ်ကို ပရောဖက်များကဲ့သို့ဤကျမ်းစောင်တွင်ပါ
ဝင်သည့် ဗျာဒိတ်တော်ကို လိုက်နာစောင့်ထိန်းသော
လုပ်ဖော်ကိုင်ဖက်အစေခံတစ်ဦးသာဖြစ်၏။ ထာဝရ
ဘုရားသခင်တစ်ပါးတည်းကိုသာလျှင် ရှိခိုးဝတ်ပြု
၁၀။ လော့ဟု ငါ့အားဆို၏။ ထို့နောက်သူကငါ့အားပြော
သည်မှာ ဤကျမ်းစောင်၏ဗျာဒိတ်စကားတို့ကိုချိတ်
ပိတ်မထားလေနှင့်။ အကြောင်းမူကား ဖြစ်ပျက်မည့်
၁၁။ အချိန်သည် နီးကပ်လာပြီ။ မကောင်းမှုကိုပြုသောသူ
သည် ပြုမြဲအတိုင်းပြုပါစေ။ ဆိုးညစ်သောသူသည်
ဆက်လက်၍ပြုပါစေ။သန့်ရှင်းမြင့်မြတ်သူသည်ဆက်
လက်၍သန့်ရှင်းမြင့်မြတ်သူဖြစ်ပါစေ။
၁၂။ ကြည့်လော့၊ မကြာမီငါကြွလာမည်။ ငါသည်လူတစ်
ဦးစီတိုင်းအား မိမိတို့ ပြုလုပ်ကျင့်ကြံခဲ့သမျှ အတိုင်း
ပြန်ပေးရန် ဆုလဒ်ကိုယူဆောင်လာမည်။
၁၃။ ငါသည်**အာလဖာ**နှင့် **အိုမေဂါ**ဖြစ်၏။ငါသည်ပထမ
နှင့်နောက်ဆုံး၊ အစနှင့်အဆုံးလည်းဖြစ်၏။
၁၄။ မိမိတို့၏ဝတ်ရုံများကို ဆေးကြောသန့်စင်သောသူတို့
သည်မင်္ဂလာရှိကြ၏။သူတို့သည်အသက်ပင်၏အသီး
ကိုရပိုင်ခွင့်နှင့်မြို့တော်အတွင်းသို့မြို့တံခါးမှဝင်နိုင်ခွင့်
၁၅။ ကိုရကြလိမ့်မည်။ မြို့ပြင်၌မူကား ခွေးများ၊ စုန်းကဝေ
များ၊ မတရားသော မေထုန်ကိုလိုက်စားသူများ၊ လူ
သတ်သမားများ၊ ရုပ်တုကိုးကွယ်သူများနှင့်လိမ်လည်
လှည့်ဖြားခြင်းကို နှစ်သက်ကျင့်ကြံကြသူများနေကြရ
၁၆။ လိမ့်မည်။ ငါ**ယေရှု**သည် အသင်းတော်များအတွက်
ဤသွန်သင်ချက်များကိုပေးရန် သင်တို့ထံသို့ ငါ၏
တမန်တော်ကိုစေလွှတ်လိုက်၏။ ငါသည်**ဒေးဗစ်**၏
မျိုးနွယ်ဝင်ဖြစ်၍ထွန်းလင်းတောက်ပသောမိုးသောက်
ကြယ်တော်ဖြစ်၏ဟု မိန့်တော်မူ၏။
၁၇။ ဝိညာဉ်တော်နှင့်မင်္ဂလာဆောင်သတို့သမီးတို့ကကြွ
လာတော်မူပါဟုဆိုကြ၏။ ကြားသောသူသည်လည်း
ကြွလာပါဟုဆိုပါစေ။ရေငတ်သောသူကလည်းလာပါ
စေ၊ ရေငတ်သောသူသည် အသက်ရေကိုအဖိုးအခ
မပေးပဲယူပါစေ။

## နိဂုံး

၁၈။ ငါ**ယောဟန်**သည်ဤကျမ်းစောင်တွင်ပါသောဗျာဒိတ်
တော်ကိုကြားရသူအပေါင်းတို့အားတင်းကြပ်စွာသတိ
ပေးလိုက်သည်။ မည်သူမဆိုဤကျမ်းစောင်တွင်ပါရှိ
သောအကြောင်းအရာများကို ထပ်မံဖြည့်စွက်ပါလျှင်
ဤကျမ်းစောင်တွင် ဖော်ပြထားသော ကပ်ဘေးဒဏ်
များကိုဘုရားသခင်သည်ထိုသူအပေါ်သို့သက်ရောက်
၁၉။ စေတော်မူလိမ့်မည်။ မည်သူမဆိုဤကျမ်းစောင်တွင်
ပါရှိသော ဗျာဒိတ်တော်စကားများကို ဖယ်ရှားပစ်ပါ
လျှင် ဤကျမ်းစောင်တွင်ဖော်ပြထားသောအသက်ပင်
နှင့်လည်းကောင်း၊ သန့်ရှင်းမြင့်မြတ်သောမြို့တော်နှင့်
လည်းကောင်း၊ သက်ဆိုင်ရာဝေစုကို ဘုရားသခင်
သည် ထိုသူထံမှ ဖယ်ရှားတော်မူလိမ့်မည်။
၂၀။ ဤအကြောင်းအရာများကို သက်သေခံသောသူက ငါ
သည်ဧကန်မုချမကြာမီကြွလာမည်ဟုဆို၏။အို**ယေရှု**
၂၁။ သခင်ကြွလာတော်မူပါ အာမင်။သခင်**ယေရှု**၏ကျေး
ဇူးတော်သည် သူတော်သူမြတ်အပေါင်းတို့နှင့်အတူရှိ
ပါစေသော်၊ အာမင်။